လှိုင်ကော်မြို့

တရားပြ ဓမ္မကထိက

## ဆရာကြီးဦးကြည်

# သောတာပန်စခမ်း

အသောက အမှတ်-၂

၆၄

ရန်ကုန်မြို့

မဟာနုဂ္ဂဟ ဓမ္မဒါနအဖွဲ့နှင့် ပဋိပတ္တိကြီးပွါးရေးအဖွဲ့တို့၏

အကျိုးတော်ဆောင်-ကယားပြည်နယ် လွိုင်ကော်မြို့

အသောကာရာမ ဝိပဿနာတိုက်

တရားပြဓမ္မကထိက **ဆရာကြီးဦးကြည်** စီရင်အပ်သော

# "သောတာပန်စခန်း"

## အသောက အမှတ်-၂

သာသနာပြုရံပုံငွေအတွက်ထုတ်ဝေသည်။

◆◆◆◆◆◆◆◆◆◆◆◆◆

ပဋ္ဌမကျော်, သက္ကျသီဟနှင့်, အစိုးရဂုဏ်ထူးဆောင် ဓမ္မာစရိယ,
" ဆရာတော် အသျှင်သုဇာတာလင်္ကာရ "
ကြပ်မတ် ပြင်ဆင်သည်။

အသောကာရာမ ဝိပဿနာတိုက် တရားပြ ဓမ္မကထိက

ပဋိပတ္တိကြီးပွါးရေးအဖွဲ့ချုပ်၏

" ပဋိပတ္တိသာသနာ့ဟိတဓရေ " ဘွဲ့ရ



# ဆရာကြီးဦးကြည်

# ဝိပဿနာနှင့် ဒါနကထာ

ဤသောတာပန်စခမ်းစာအုပ်တွင်ဝိပဿနာ- သမားတို့သည်။ ဒါနကိုပယ်သည်-ဟူသောစွတ်စွဲချက်ကို ချေပရှင်းလင်းချက်နှင့် ဗုဒ္ဓဘာသာ အခေါ်ခံသူတိုင်းနှင့် သာသနာ့စည်းဝိုင်းအတွင်းရှိ ဝိပဿနာယောဂီများပါ, ဒါနကထာ နှင့် ပတ်သက်၍ ဒါနပြုလုပ်ပုံပြုလုပ်နည်း, စိတ်အာရုံထားနည်းတို့ကိုပါအနည်းငယ်သိရှိရန် နိဒါန်း သဘောနှင့်ရေးသားပါအံ့။

**"ဒါန"**ဆိုတာက ပါဠိစကား၊ မြန်မာလိုပြန်လိုက်တော့။ ပေး-ကမ်း-စွန့်ကြဲခြင်း၊ စင်ကြယ်ခြင်း၊ ဖြတ်ခြင်း လို့ အဓိပ္ပါယ်ရပါ သည်။

**"ပေး"** ဆိုတာကတော့၊ ရော့-ယူတော့-ယူသွား- ယူအုံးယူလေယူပါလို့ ဆိုလိုတယ်။

**"ကမ်း"** ဆိုတာ လက်ရောက်အပ်လိုက်တာ၊ တနည်း တဆင့်ပေးတာ၊ ဒါကလေး ဆောင်ကြဉ်းသွားပြီး ပေးလိုက်ပါ ဆိုတဲ့ တဆင့်ကမ်းခြင်းသဘောပါဘဲ။

**"စွန့်ကြဲခြင်း"** ဆိုတာက၊ အတွယ်အတာ အကပ်အငြိ အမြော်အမြင်မထားဘဲ စွန့်ပြီးလက်က လွှတ်၍ကြဲပြစ် လိုက်တာဘာဘဲ။

**"စင်ကြယ်ခြင်း"** ဆိုတာက၊ လောဘဆိုတဲ့ အညစ် အကြေး အစေးမရှိတာကို ဆိုပါတယ်။

(၁) ဝိပဿနာနှင့် ဒါနကထာ

"ဖြတ်ခြင်း" ဆိုတာက၊ တွယ်တာ ကပ်ငြိတဲ့ လောဘကို -ဖြတ်လိုက်တဲ့သဘောကိုဆိုပါတယ်။

လောဘဆိုတာ လို–လိုနေတာ၊ဒါနက အဲဒီလို–လိုနေတဲ့ တွယ်တာကပ်ငြိတတ်တဲ့ သဘောမှ စင်ကြယ်လေတော့၊ ဝတ္ထုအာရုံပေါ်မှာ ဖြတ်လို့ရတာပေါ့။ ဒါ့ကြောင့် စင်ကြယ်ခြင်း, ဖြတ်ခြင်း, ပေးကမ်းခြင်းလို့ ဆိုရပါတယ်။

"ပေး" ဆိုတဲ့သဘောကပေမဲ့ လောကသဘောနဲ့ကြည့်ရင်–

(၁) စေတနာပေး။

(၂) ဝတ္ထုပေး။

(၃) စေတနာရော–ဝတ္ထုရော– ပေးခြင်းလို့ ကွဲပြားလာပြန်တယ်။

(၁) စေတနာပေးဆိုတာက၊ ပေးချင်နေတာပေးတာ မဟုတ်သေးဘူး။

"ဥပမာ" ထီပေါက်လျှင် ကျောင်းကြီးဆောက်လိုက်မယ်။ ဘယ်လိုပေးလိုက်မယ် စသည်ဖြင့်၊ စိတ်ကူးနှင့် ပေးတာမျိုးဘဲ၊ အဲဒါက ပေးချင်ယုံမျှ သဘောကလေးပါဘဲ။

(၂) ဝတ္ထုပေးဆိုတာကပေးတော့ပေးလိုက်တာဘဲ မပေး ချင်လှဘူး။

"ဥပမာ" ငွေဖလားကြီးနှင့် အလှူခံလာသည် ဖြစ်စေ။ မျက်နှာကြီးများ အလှူငွေလက်မှတ် ရောက်လာသည်

ဖြစ်စေ။ မကောင်းတာနှင့် မပေးရင်မဖြစ်တာနဲ့ပေးလိုက်ရတာ၊ ပေးချင်တဲ့သဘောကိုမပါဘူးပေါ့။

အဲဒီပြဆိုခဲ့တဲ့စေတနာပေး,ဝတ္ထုပေးနှစ်ပါးဟာ၊ "ဒါန"ဆိုပေမဲ့ ပေးဆိုတာကလေးပါလို့သာပြောရတယ်၊ အကယ်အစစ်မဟုတ်ဘူး။

(၃) နှစ်ခုစလုံးပေး ဆိုတာကပေးလဲပေးချင်တယ်၊ ပေးချင်လို့လဲပေးလိုက်တယ်။ အဲဒါမှ အကျိုးရှိတဲ့ ဒါနဖြစ် နိုင်တယ်။

ငှင်းပြင်– ပကာသနနှင့် ဒါန–လောဘနှင့် အလောဘ ခြားနားခြင်းကိုလဲ သိကြစေချင်ပါတယ်။

**"ပကာသန"** ဆိုတဲ့ ပါဠိစကားကို မြန်မာလို ပြန်လိုက်တော့၊ ဖော်ပြခြင်း, ထင်ရှားစေခြင်းတဲ့ အဲဒီနှစ်မျိုး ရပါတယ်။ အဲဒီနှစ်မျိုး ဆက်စပ်လိုက်တော့၊ ထင်ရှားစေချင်တာနဲ့ ပတ်ဝန်းကျင်က အထင်ကြီးစေလိုတာနဲ့ ငါကွဆိုတဲ့ သဘောနှင့် ဖော်ပြ နေတာကို "ပကာသန"လို့ခေါ်ပါတယ်။ အဲဒီ "ပကာသန" ၏မူလကတော့– **လောဘ** ပါဘဲ။ ဒါနရဲ့မူလကတော့ – **အလောဘ** ပါဘဲ။

ဥပမာ– အလှူပေးမယ်ဆိုပါတော့၊ မဏ္ဍပ်ကြီးကို နတ်ဘုံ, နတ်နန်းကျအောင် ဆောက်ပြီးလျှင် ဖလားစုံ ကွမ်းအစ်တွေနှင့် ကော်ဇောကြီးတွေခင်း သို့မဟုတ် ကုလားထိုင် တွေ ခင်းပြီးတော့၊ ဂုဏ်သရေရှိ လူကြီးလူကောင်း တွေဘိတ်၊ ငှင်းတို့အပြင်းပြေအောင် အတီးတွေ, အကတွေ, အလှတွေစုပြီး ထားလိုက်တာ ပြောစရာ လိုလေးသေးမရှိဘူး ဆိုကြပါစို့။ အဲဒီအခါမှာ အလှူ့ဒါယကာ–

ဒါယိကာမတို့မှာ ဘယ်လိုသဘောပေါက်နေသလဲ၊ ဘယ်လို စိတ်ကူးနေသလဲ– ဘယ်လိုဖြစ်နေသလဲလို့ စိစစ်လိုက်လျှင်၊ အလွန်ပင်ပျော်ရွှင်၍ ပေါ်လွင်ထင်ရှားနေတဲ့ ဖေါ်ပြခြင်းအနက်ဟော "ဂုဏ" သဒ္ဒါ၏ ဂုဏ်ဆိုတဲ့ ပကာသနထဲမှာ နစ်ပြီး၊ ရောမ လောဘကြီးဖြစ်နေ တတ် ကြတယ်။ အဲဒီလိုဖြစ်နေတဲ့ လောဘကိုတောင်မှ လောဘလို့ သိခွင့်မရဘဲ၊ "ငါကွ" ဆိုတဲ့ ဒိဋ္ဌိကြီးက အုပ်စီးပြီး နေတတ်ကြသဖြင့်၊ "ဝိပဿနာ" မျက်စိရှိသူတို့က အဖျားဆွတ်ပြီး၊ ဒီလိုဒါနမျိုး မလုပ်ကောင်းဘူးဟု ဆိုလိုပါသည်။ ဒါနဟာ ကြမ်းတယ်၊ သံသရာချဲ့တယ်၊ ဘာတယ် ညာတယ်နဲ့ ပြောကြတာပေါ့။

ဒါနကတော့ မကြမ်းပါဘူး၊ ငါက ရမ်းလိုက်လို့ စေတနာ က ကြမ်းသွားတာပါ၊ ဒါဖြင့် အလှူအတန်းလုပ်လျှင် မတ္တာပ်စသည်တို့ကို မလုပ်ရဘူးလား–လုပ်ရပါတယ်။ သို့သော်–လုပ်ပုံကလေးမှာ အာရုံကိုကျက်စားနေတဲ့ နာမ်ဓာတ်နှင့် နာမ်ပရမတ်ကိုတော့ ပြုပြင်ပြီး ပေးရလိမ့်မယ်။ဘယ်လို ပြုပြင်ရမှာလဲဆိုလျှင်၊ သတိနှင့် အသိတရားကို ဤလို ပြုပြင်ပေးပါ။ နတ်ဘုံ, နတ်နန်းပမာ–ပြုပြင်စီရင်တည်ခင်းကျွေးမွေး ဖျော်ဖြေပေးနေတဲ့ အာရုံတွေထဲသို့ လာရောက်နေကြတဲ့ ပရိတ်သတ်များအပေါ်မှာ စေတနာက ဒီလိုပြောင်းပေးပါ။ "သြ "လာသမျှ ပုဂ္ဂိုလ်တွေမှာ ကာယသုခ–စိတ္တသုခ–ရှိကြပါစေလို့ ကြည့်လိုက်၊ရရှိနေတဲ့ ကာယသုခ–စိတ္တသုခဟာ၊ ဤမတ္တာပ်–ဤကော်ဇော တည်းဟူသော အတွေ့အထိ အရိပ်အာဝါသကြောင့်ဘဲ၊ "သြ " ချမ်းသာ

ကြပါစေလို့ အဲဒီလို ပရိတ်သတ်နှင့် မကျွာပ် ဆက်စပ်နေတဲ့ ကာယသုခ–စိတ္တသုခတွေကို ကြည့်ပြီး၊ ပြုလုပ်အားထုတ်ပြီး ပေးလိုက်ရတဲ့ ပေး–သဘောကလေးကို စဉ်းစားလိုက်တော့မှ အလောဘ–ဆိုတဲ့ ပေးခြင်း,ဖြတ်ခြင်း,စင်ကြယ်ခြင်းခေါ်တဲ့ ဒါနဖြစ်ပါတယ်။

ဒါနဆိုတာ – ကန်တော့ပွဲပါမှ– ကျောင်းဆောက်မှ– ဘုရားတည်မှစသည်ဖြင့်ပေါ့လေ– ဟိုးလေးတကျော်ကျော် ပြုနိုင်မှ ဒါနပြုတယ်– စေတနာကောင်းတယ်– သဒ္ဓါတရားကြီးတယ်နဲ့– ဒါနထင်နေကြတယ်။ ကျွန်ုပ်တို့ အမြဲတန်းလိုက်နာကျင့်ကြံရမဲ့ ဒါနခေါ်တဲ့ "ပေး" သဘောကတော့။ လူတယောက်စိတ်ညစ်နေလျှင် စိတ်မညစ်အောင်အားပေးခြင်း၊ လူတယောက်မနိုင်မနင်းမ, နေလျှင် ဝိုင်းမပေးခြင်း၊ ပင့်ပေးခြင်း၊ လမ်းမှာဆုံနေလျှင် ရှောင်ပေးခြင်း၊ ကားပေါ်–ရထားပေါ်–သင်္ဘောပေါ်မှာ ခရီးသည်ချင်း နေရာပေးခြင်း၊ ကြံ့ပေးခြင်း၊ အကူအညီပေးခြင်း စသည်တို့ဟာ– ဒါနတွေပါဘဲ။ အဲဒီလို အလေ့အကျင့် သဘာဝနှင့် ဒီလိုဒါနတွေသာ လိုက်နာကျင့်ကြံ ပေးကမ်းကြမယ်ဆိုလျှင်ပေါ့၊ ငြိမ်းချမ်းရေး ပြည်တော်သာရေး–ရယ်လို့တောင် အထူးလုပ်မနေရပါဘူး၊ ဒါနဟာ ငြိမ်းချမ်းရေး–သာယာရေးကို ပေးနိုင်ဖြစ်စေနိုင်တဲ့ သဘာဝသာဖြစ်ပါတယ်။ ဒါကြောင့်သောင်းကျန်းမှု အသေးအဖွဲတွေကစပြီး ကိုယ်ရော–နှုတ်ရော–စိတ်ရော–ငြိမ်းငြိမ်းသွားလိုက်ထာ နောက်ပိတ်ဆုံး သံသရာ ခန္ဓာပါ ငြိမ်းပြီး ဒုက္ခဓာတ်သိမ်းသွားနိုင်တဲ့ ဒါနအစစ်–**ပေး** –သဘော ဖြစ်လာပါလိမ့်မယ်။

အဲဒီလို **ပေး** သဘောကို တွေးတောပြီးကျင့်ကြံကြစမ်းပါ–ရိုင်းပင်းကြစမ်းပါ။ ကျင့်ပေးကြ–ကြံပေးကြ–အကူအညီပေးကြ–ပြောပေးကြ–ယဉ်ကျေးပေးကြစမ်းပါဟု ကျွန် တော်များ ဓမ္မာနုဂ္ဂဟ–ဓမ္မဒါနအဖွဲ့–ပဋိပတ္တိ ကြီးပွါးရေး အဖွဲ့တို့က လိုက်လံဆော်အောတာဟာ–ဒါနပါဘဲ။

ဒါန၏သရုပ်ကို ထုတ်လိုက်ကြစို့။ သရုပ်ဆိုတာ **"သရူပ"** ဆိုတဲ့ ပါဠိစကားက လာပါတယ်–မြန်မာလိုကတော့ ....

၁–တူသော

၂–တူခြင်း

၃–သဘောသရုပ်လို့ အဓိပ္ပါယ်ရပါတယ်။တူသော သဘောသရုပ်ကို ရေတွက်ကောက်နုတ် ပြရမယ်ဆိုလျှင် အလွန်ပင် များပြားလှပါတယ်။ များငြားသော်လဲသဘောတူ သရုပ်ကတော့ .... ။

(၁) **ဝဋ္ဋနိဿိတဒါန**

(၂) **ဝိဝဋ္ဋနိဿိတဒါန** ရယ်လို့ နှစ်မျိုးနှစ်စားသာ ရှိပါတယ်

(၁) အဲဒီနှစ်မျိုးနှစ်စားမှာ–ဝဋ္ဋနိဿိတဒါန ဆိုတဲ့ စကား၏ အဓိပ္ပါယ်ကတော့–ဝဋ္ဋကတပုဒ်–နိဿိတက တပုဒ်– ဒါနကတပုဒ် ဖြစ်ပါတယ်။ ။ **ဝဋ္ဋဆိုတာကတော့** ဘုံသုံးပါးတွင် ဖြစ်ပျက်မစဲ–တဖွဲဖွဲချုပ်ပျောက်လျက် (၁၁)မီးတွေ တောက်လောင်နေတဲ့ ရုပ်နာမ်အစဉ်ကို ဆိုပါတယ်။

**နိဿိတဆိုတာက** အဲဒီရုပ်နာမ် အစဉ်ကိုပင် အစဉ်သန္တတိက–အနိစ္စမမြဲဆိုတဲ့ သဘာဝကို ဖုံးပိတ်ဆီးတား

ကာကွယ်ခြင်း။ ပြုပြင်ပြောင်းလဲပေးမှုက ဒုက္ခဆိုတဲ့ ဆင်းရဲမှု ကြီးကို ပိတ်ဆီးကာကွယ်ခြင်း။ လူကောင်, နတ်ကောင်, ဗြဟ္မာကောင် စသည်ဖြင့် ပုံပန်းဟန်ပန်,သဏ္ဌာန်ဃန ဆိုတဲ့ ပညတ်ကြီးကအနတ္တ ဆိုတဲ့သဘောကို ပိတ်ဆီး ကာကွယ်၍ **ဝိဇ္ဇာ** ဆိုတဲ့သဘာဝ အလင်းရောင်သည် တောက်ပြောင် ထိုးထွင်းလင်းရောင်ခြည်မသန်းရတော့ ....

**နိစ္စ** = မြဲတယ်။

**သုခ** = ချမ်းသာတယ်။

**အတ္တ** = ငါကောင် သူကောင်–အထင်။

**သုဘ** = နှစ်သက်ဘွယ်ဟု–ထင်မှတ်ခါ တွယ်တာ ငြိကပ်–တပ်မက်–ခင်မင်–လိုချင်,ငန်းငန်းတမ်းတ မှီတွယ်တဲ့ တဏှာကို ဆိုပါတယ်။ **ဒါန** က–ပေးသဘောပါဘဲ၊ အဲဒီ စကားသုံးလုံးကို ပေါင်းလိုက်တော့၊ "ဝဋ္ဋနိဿိတ–ဒါန" ဘုံသုံးပါးကို သာယာနှစ်သက်တောင့်တတဲ့ အချက်နှင့် ပေးတာလို့ ရပါတယ်၊(အဝိဇ္ဇာပစ္စယာ သင်္ခါရာ)ပေါ့။

(၂) ဝိဝဋ္ဋနိဿိတ ဒါနဆိုတာကတော့၊ ပြဆိုခဲ့တဲ့ သဘော တရား၏ဆန့်ကျင်မှုပါဘဲ၊ ဘယ်လိုဆန့်ကျင်မှုလဲ ဆိုတော့ ။–

**ဝိဝဋ္ဋဆိုတာက**– သဏ္ဌာန,ဃန,ဆိုတဲ့ အကောင် အထည်–သဏ္ဌာန်၏အကြောင်း ဃန–အခဲသဘာဝကို၊ သန္တတိ–ဆိုတဲ့ ပေါ်,ပျောက်,ဖြစ်,ပျက်,အစဉ်ကြောင့် သာ ၄င်းဖြစ်ပျက် သဘောဟာ မိနစ်–စက္ကန့်မနား တသာ:

တည်းမရှိတဲ့ သဘာဝအစု ရုပ်–နာမ်ဘဲဟု မှတ်ရှုပွါးများ ပညာရောင်ဖြင့်လင်းပြီး။ အသိရှင်းသွားတော့၊ ဝဋ်ဆင်းရဲ အစု သာယာမှုမဟုတ်တဲ့ ဒုက္ခကို အမြင်လိုက်မှာ ဘုံသုံးခွင်၌ ကျင်လည်ရမည့် သံဝဋ္ဋအစုမှ လွန်မြောက်ရာကို၊ **နိဿိတ** ဆိုတဲ့ ပညာရှေ့သွား–ဓါတ်သားနှင့် ပိုင်းခြားမြင်ရှု–မှီတွယ်မှုဖြင့်၊ **ဒါန** ပေးတဲ့သဘော။ ၄င်းသုံးပိုဒ်ကို ပေါင်းလိုက်တော့ "ဝိဝဋ္ဋနိဿိတ–ဒါန"= သံသရာဝဋ်ဆင်းရဲမှ လွန်မြောက်ရာကို ဉာဏ်နှင့်ကြည့်ပြီးပေးတာဆိုပါတယ်။ အဲဒီစကားကလေးကို အတိုချုံးလိုက်လျှင်–သာမန်လူတို့ သို့မဟုတ်–သာသနာ့စည်းဝိုင်းမှ အပြင်က ပုဂ္ဂိုလ်များလှူဒါန်းပေးကမ်း အပ်သော (လောကီဒါန) = ဝိပဿနာ– ပွားများသူများ ၊ သို့မဟုတ်–သာသနာ့ စည်းဝိုင်းအတွင်းက ပုဂ္ဂိုလ်များ လှူဒါန်းပေးကမ်း အပ်သော (လောကုတ္တရာဒါန) ဆိုကြပါစို့။–

လောကီဆိုတာက–အကျယ်သဘာဝ။
လောကုတ္တရာဆိုတာက–အကျဉ်းသဘာဝ။

**အကျယ်သဘာဝက –**

* ကျယ်လျှင်လည်းတွယ်၊ တွယ်လျှင်လည်းလယ်၊
ဤဝယ်ဒါန၊ ဝဋ္ဋနိဿိတ၊ ငါရှေ့သွားလို့မနားရ။

**အကျဉ်းသဘာဝကတော့ –**

* ကျဉ်းလျှင်လင်း၊လင်းလျှင်ရှင်း၊ ရှင်းလျှင်ကင်း၊
ဤသင်းဒါန၊ ဝိဝဋ္ဋနိဿိတ၊ ငါမပါတော့–ချမ်းသာရ။
ဒါကြောင့်ဝိပဿနာပွါးများသူများမှာ။
လှူလို့လဲကောင်း

ကောင်း–သီတင်းသီလ ဆောက်တည်လို့လဲ ကောင်း။ အကောင်းတွင်အမွန်ဆင့်ပြီး အလွန်အမင်း ကြေနပ် လောက်သော ဒါန–သီလနှင့် နေကြပါတယ်လို့မှတ်ပါ။

ဒါန၏သဘောသရုပ်ကို ဤသို့မှတ်ပါ "ဒါနံစဇနလက္ခဏံ" ဟူသောအဋ္ဌကထာစကားအရ ဒါန၏ သဘောသဘာဝ က စွန့်လွှတ်ခြင်းလို့ဆိုပါတယ်။ ဘယ်လိုစွန့်လွှတ်သလဲဆိုလျှင် အလွန်တရာ နှစ်သက်တွယ်တာနေတဲ့ ဝတ္ထုပစ္စည်းတခုကို ပုဂ္ဂိုလ်တယောက်အား ရစေ–ပြည့်စုံစေ–ခံစားစေ လိုတဲ့ စေတနာ ရှေ့သွားပြုပြီး။ ဝတ္ထု၏အပေါ်မှာ ကြောင့်ကြမှု–စိုးရိမ်မှု၊ ပင်ပန်းမှုတွေ ကင်းရှင်းပြီးလျှင်၊ ပေးချင်လှူချင်တဲ့သဘောနှင့် ယူပါ–ယူပါတော့ဟု စွန့်လွှတ်ပစ်လိုက်တဲ့သဘောကို "စဇနလက္ခဏာ" လို့ခေါ်ပါတယ်။ အဲဒီတော့မှ....

(က) –ဒါနတော–ဘောဂဝါ။
(ခ) –ဒါနံ သဗ္ဗတ္ထ သာဓကံ။
(ဂ) –ဒါနံ–သဂ္ဂဿ သောပါနံ။
(ဃ) –ဒါနံ–ပါထေယျ မုတ္တမံ။
(င) –ဒါနံ–ဥဇုဂတ မဂ္ဂံ။
(စ) –ဒါနံ–မောက္ခပဒံ ဝရံ။
(ဆ) –ဒါနံ–ဣဿရ သမ္ပတ္တံ။
(ဇ) –ဒါနံ–ဘောဂေ ဥပဋ္ဌိတံ။
(ဈ) –ဒါနံ–အတ္တာ နုရက္ခံစ။
(ည) –ဒါနံ–သုခ ပဝမုနံ။

(ည)　　ဝိပဿနာနှင့် ဒါနကထာ

(က) ပေးကမ်းလှူဒါန်းခြင်းသည် စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံ၏။

(ခ) ပေးကမ်းလှူဒါန်းခြင်းသည် အလုံးစုံသောလိုရာပြီး စေနိုင်၏။

(ဂ) ပေးကမ်းလှူဒါန်းခြင်းသည်နတ်ပြည်စောင်းတန်း လှေကား ဖြစ်ပေ၏။

(ဃ) ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သောရိက္ခာထုပ် လည်းဖြစ်ပေ၏။

(င) ပေးကမ်းလှူဒါန်းခြင်းသည် ကောင်းသောခရီး လမ်းဖြောင့်လည်းဖြစ်ပေ၏။

(စ) ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သောမဂ်ဖိုလ် နိဗ္ဗာန်အကြောင်းဖြစ်ပေ၏။

(ဆ) ပေးကမ်းလှူဒါန်းခြင်းသည် အစိုးရခြင်းကိုဖြစ်စေ တတ်၏။

(ဇ) ပေးကမ်းလှူဒါန်းခြင်းသည် စည်းစိမ်ချမ်းသာ တို့ကို ဖြစ်စေတတ်၏။

(ဈ) ပေးကမ်းလှူဒါန်းခြင်းသည် မိမိကိုစောင်မတတ်၏။

(ည) ပေးကမ်းလှူဒါန်းခြင်းသည် ချမ်းသာကိုပွါးစေ တတ်၏။

ယခု(က-ခ-ဂ) စဉ်ပြီးပြခဲ့တဲ့စကားတွေကို စိစစ်ပြီး ကြည့်လိုက်လျှင် (အနုဝဇ္ဇသုခ–ဝိပါက လက္ခဏာ) အပြစ်မရှိ ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာလို့ ဆိုထား တော့၊ စည်းစိမ်ဥစ္စာ ရတနာ ရွှေ ငွေ ခြွေရွှေ သင်းပင်း

တွေနှင့်တင်းပြည့်ကျပ်ပြည့်ရယူခံစားရအောင်သာသနာ့စည်းဝိုင်းအတွင်းသားအနေနှင့် လှူလေသမျှ–ပေးလေသမျှသည် မုချအကျိုးပေးပါတယ်။

သာသနာ့စည်းဝိုင်းအတွင်းရောက်မရောက်ကိုတော့ မိမိတို့ဘာသာဆုံးဖြတ်ပါ။ သာသနာဆိုတာ ဘုရားရှင်အဆုံးအမကို ခေါ်ပါတယ်။ ဘုရားရှင်အဆုံးအမကတော့ ဘယ်လိုဆုံးမပါသလဲ။ = အကျဉ်အားဖြင့်....

ဒါန–သီလ–ဘာဝနာ–သီလ–သမာဓိ–ပညာ–ခေါ်တဲ့ လိုက်နာကျင့်သုံးအားထုတ်ရန်ဖြစ်သော စည်းမျဉ်း။ ကြဉ်ရှောင်ရမည့် သဘာဝတွေကို ကြဉ်ရှောင်စေလျှက်။ သေသေ–ဝပ်ဝပ်ဖြစ်ရမည်။ ဥပဒေ–စည်းကမ်း (ဝါ) စည်းဝိုင်းကိုသာသနာလို့ခေါ်ပါတယ်။ "အတွင်းဆိုတာက ၄င်းစည်းကမ်းနှင့် ကိုက်ညီစေ၍၊ တသွေမတိမ်း– လိုက်နာကျင့်သုံးပြီး၊မမိုတ်မသုံ–နေမှု–ထိုင်မှု–ပြုမူမှုကို အတွင်းလို့ ခေါ်ရပါတယ်။ ၄င်းစကားတွေကို ပေါင်းစပ်လိုက်တော့၊ ဗုဒ္ဓသာသနာ၏ အတွင်း– တနည်း–အလုံးစုံကို အကုန်သိတော်မူသော ဘုရားရှင်၏ အဆုံးအမကို လိုက်နာ သူ–ကျင့်သုံးသူလို့ဆိုရပါတယ်။

အဲဒီသာသနာအတွင်းမှာ ဘာကြောင့် မြတ်ရ ပါသလဲ ဆိုတော့။ –

**ဒါန** = ပေးခြင်း။
**သီလ** = ကျင့်သုံးခြင်း–လေ့ကျင့်ခြင်း။
**ဘာဝနာ**= သုံးသပ်ပွါးများခြင်းသုံးမျိုးတွင် ....

ဒါနမှတဆင့် တက်လိုက်တော့၊ "သီလ"ဆိုတဲ့ လေ့ကျင့်မှုမှာ ပေးကမ်းခြင်းနှင့်တကွ ကိုယ်– နှုတ်–တို့ကို ကောင်းစွာ အပြစ်ကင်းအောင် လေ့ကျင့်ထားပြီးလျှင်၊ အပြစ်ကင်းတဲ့သဘာဝနယ်သို့ စိတ်ကလေးကို အဖန်ဖန် လွှတ်ပြီးပေးတဲ့ ဝီရိယ။ အပြစ်ကင်းတဲ့ သဘာဝနယ်သို့ စိတ်ကလေးကို ထပ်ခါ– ထပ်ခါ– အောက်မေ့ပြီး၊ အမှတ်ရ စေတဲ့သတိ။ တည်ငြိမ်တဲ့ သမာဓိဖြစ်လာပါတယ်။ အဲဒီ အခါမှာ ပညတ်နိမိတ်အရိပ်– အရောင်မသန်းတဲ့သဘာဝ အစစ်အမှန်ကို ပညာလို့ခေါ်ပါတယ်။ အဲဒီလို ဆုံးမတဲ့ စည်းဝိုင်းအတွင်းမှာဖြစ်တော့၊ အကျိုးပေးမြင့်မြတ်တာပေါ့။

**"ပေးသဘော"** – ပေးသူ–လှူသူရှိလျှင် အလှူခံခေါ်တဲ့ **"ယူ–သဘော"** ကလဲ ရှိရအုံးမယ်။ အဲဒီအပေးအယူမှာ တဦးဦးက အထက်ပါ သာသနာ့ စည်းဝိုင်းအတွင်းမှာ တည်နေလျှင်၊ သာသနာအတွင်း အလှူဖြစ်မှာပေါ့။ ဒါကြောင့် အပေးအယူမှာ သမ္ပဒါ ခေါ်တဲ့ ပြည့်စုံခြင်းတရား လေးပါး ရှိတယ်လို့ ဟောကြား ဆုံးမတယ်။ လေးပါးဆိုတာက

၁– **သီလသမ္ပဒါ**= အပြစ်ကင်းသော ကိုယ်အမှုအရာ နှုတ်အမှုအရာခေါ်တဲ့ အလေ့အကျင့် နှင့် ပြည့်စုံခြင်း။

၂– **ဝတ္ထုသမ္ပဒါ** = ခိုးခြင်းစတဲ့ မသန့်မရှင်းရတဲ့ ပစ္စည်း မဟုတ်ဘဲ၊ အပြစ်ကင်းစွာနှင့် မိမိကိုယ်တိုင်

ကိုယ်ဖြင့်ရင်း၍ရသော“ဓမ္မိယလဒ္ဓ” ခေါ်တဲ့ လှူဘွယ် ပေးဘွယ်– ဝတ္ထုပစ္စည်းနှင့် ပြည့်စုံခြင်း။

၃– **စေတနာသမ္ပဒါ** = အနှောက်အယှက် –အငဲ့ အကွက်ကင်းပြီး၊သန့်ရှင်းစွာဖြစ် ပေါ်လာတဲ့ ပေးလိုသော သဘောဖြစ်တဲ့ စေတနာ နှင့် ပြည့်စုံခြင်း။

၄– **ပုဂ္ဂလသမ္ပဒါ** = နိရောဓ–သမာပတ်မှ ထ, ခါစ ပုဂ္ဂိုလ်ဖြစ်ရခြင်း။ နိရောဓ သမာပတ်–ဆိုတာ၊ အနာဂါမ် ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်သာ ဝင်စား နိုင်တယ်။ အဲဒီလို ပုဂ္ဂိုလ် မဟုတ်ငြားသော်လဲ၊ သာသနာ့ စည်းဝိုင်းအတွင်းမှာ ရပ်တည်နေတဲ့ သီလဝန္တ– ပုဂ္ဂိုလ်များမှာလဲ– ပုဂ္ဂိုလ်၏ပြည့်စုံခြင်း ဖြစ်ပါတယ်။

## (ခ) “ **ဒါနံ သဗ္ဗတ္ထသာဓကံ** ”

ငှင်းစကား၏ အဓိပ္ပါယ်က– ပေးသူ–လှူသူ၏ ရည်ရွယ်တိုင်း– ဆုတောင်းတိုင်း– ရစေနိုင်တယ်။ အလုံးစုံလိုရာပြီးနိုင်တယ်လို့ ဆိုပါတယ်။ ဒီနေရာ အထူးသတိပေးလိုသည်မှာ၊ ခုကာလ လှူကြ ပေးကြပုံမှာ တဦးနှင့်တဦး ပြိုင်ဆိုင်ပြီးလျှင် ဂုဏ်– လောကကို ရှေ့ရှုလျက်၊ ကျော်စောခြင်းဆိုတဲ့ **“ကိတ္တိသဒ္ဒ”** တွေကို တပြုံတခေါင်းကြီး– မီးကုန်– ယမ်းကုန်– စွန့်ကြဲကြတဲ့ ခေတ်သမယ– ဖြစ်နေတော့၊ အထူးသတိထားကြပါ။

အကြောင်းကတော့– **“ဒါနံ– သဗ္ဗတ္ထ– သာဓကံ”**အရ၊ ပေးသူ၏ ရည်ရွယ်ရာ–မှန်းဆ,ရာကို ပြီးစေနိုင်တဲ့အတွက်

ဆုတောင်းများ– ရည်ရွယ်ရာများသွားလျှင် "ဒါနတော ဘောဂဝါ" အရ၊ လူ့စည်းစိမ်– နတ်စည်းစိမ်– ရွှေငွေဥစ္စာ ရတနာတွေတောင်မှ မပြည့်စုံ မရဘဲ "ကိတ္တိသဒ္ဒ"ဆိုတဲ့ လူ့နိုင် တမ်းနိုင်တဲ့ လူမို့၊ "တယ်တော်ပါပေကွာ" ဆိုတဲ့ ချီးမွမ်းသံကလေးနဲ့ ကြေနပ်နှစ်သိမ့်နေလျှင်၊ အဲဒီလောက် ပဲအကျိုးရတတ်ပါတယ်။

ဘာကြောင့်လဲဆိုတော့၊ ယခုခေတ်မှာ လှူကြ ပေးကြ ပုံက၊ ဘယ်သူ့အလှူဖြင့်– ဘယ်နှစ်သိန်းကုန်တယ်။ ဘယ်ဝန်ကြီး– ကြီးမှူးတဲ့အလှူမို့– ဘယ်နှစ်သိန်းထည့်လိုက် တာဘဲ– စသည်ဖြင့်၊ သဒ္ဒါတရား ကောင်းပါပေတယ်နှင့်– ဘေးက– ပါတ်ဝန်းကျင်က– ချီးမွမ်းမှုတွေကို၊ စိတ်စေတနာက အာရုံပြုပြီး နာမည်ကြီးမှု၊ ကျော်စောမှု၊ ဟိုးလေးတကျော်ဖြစ်မှု၊ မင်းအစိုးရတို့ မျက်နှာရမှု လောက်သာ ရည်ရွယ်ရင်း ထားလိုက်တော့– "ဒါနတော ဘောဂဝါ" ဆိုတဲ့ ရွှေငွေ ဥစ္စာ စည်းစိမ် ချမ်းသာ တောင်မှ မရတော့ဘဲ ကျော်စောခြင်း အကျိုးလောက်သာ ရပါတယ်။ လူနတ်တို့၏ ဘဝဖြစ်တဲ့ သုဂတိကိုတောင် ကောင်းစွာမရတော့ဘူး။ ဝဋ်ထဲလည်ရတဲ့ ကုသိုလ်ဖြစ်ပေမဲ့ စေတနာကိုက ကျော်စောမှု– ကျော်စောခြင်းကို လိုလားတဲ့ အတွက် " တော်ပါပေတယ်" ဆိုတာနဲ့ပြီး၍ အချည်းနှီး ဖြစ်တတ်ပါတယ်။

ဒါမှျမကသေး –ကျော်စောစရာထဲမှာ ကဲ့ရဲ့စရာ ကလေး တချို့တလေ ပါလာပြန်တော့၊ ကဲ့ရဲ့သံ, အပြစ်ဆိုသံ ကလေးတွေကိုကြားလိုက်– သိလိုက်– မြင်လိုက်လျှင်

"ဒေါသ" က အလိုမကျတဲ့ အာရုံတွေ့မှဖြင့်ဘွားဆိုပေါ်လာတတ်ထာမျိုးဖြစ်တော့။ ရည်ရွယ်တဲ့ သဘောကိုမရောက်ဘဲ။ "ကုသလော ဓမ္မော–အကုသလဿ–ဓမ္မဿ အာရမ္မဏ, ပစ္စယေန–ပစ္စယော" ဟု ဟောတော်မူသည့်အတိုင်း။ ကုသိုလ်ကြောင့် အကုသိုလ်– အာရုံတွေဖြစ်ကုန်ကြပါရော။

(ဥပမာ) ကုသိုလ်ဆိုတဲ့သဘောနှင့် ကျောင်းဆောက်ပြီးပေးလှူလိုက်ပါရော။ လှူပြီးလို့ မကြာမီ ဘုန်းကြီးနှင့် မတဲ့တော့၊ ကျောင်းမီးနဲ့ တိုက်ပြစ်ချင်တဲ့စိတ်တွေ ဒေါမနဿ–ဒေါသဆိုတဲ့ အကုသိုလ် သဘောတွေ ဖြစ်လာပါရော။–အဲဒီတော့–"ဘောဂဝါ" ဆိုတာက အနားမသိဘဲ၊ ပါယ်လေးလီ– အကျိုးရတတ်ပါသေးတယ်။ ဒါကြောင့် သာသနာဆိုတဲ့ နယ်နိမိတ်စည်းဝိုင်းအတွင်းကို မရောက်သေးသမျှပေးလှူသမျှ စေတနာမထားတတ်ခြင်းကို ရည်ရွယ်၍၊ အချို့ဝိပဿနာ–ကမ္မဋ္ဌာန်းဆရာတို့က ဒါနကိုအပြစ်ဆိုကောင်းဆိုကြပေမပေါ့၊ ဒါနအပြစ် မဟုတ်ဘူး။ ငါကနှစ်နေတာကို အထူးသတိပြု–အလှူ့ဒါယကာရဲ့ ရည်ရွယ်တာပြီးစေနိုင်တဲ့၊ "ဒါနံ–သဗ္ဗတ္ထသာဓကံ" သဘောသတ္တိမို့။ လှူတဲ့ပေးတဲ့အခါမှာ "အဝိဇ္ဇာ" ခေါ်တဲ့ အမြင်မှန် မရအောင်ဖုံးပိတ်ထားတဲ့ မောဟ။ တနည်း= နာမ်– ရုပ်နှစ်ပါးတို့မှာရှိနေတဲ့ သဘာဝ– ရှစ်ဆယ့်တခုတို့၏ ပေါင်းစပ်ယှဉ်တွဲပြီး။ တဖွဲ့ဖွဲ့ ဖြစ်ပေါ်နေတဲ့ ပျောက်ပျက်နေတဲ့ ဒုက္ခကိုမသိတဲ့အချက်၊ မသိတော့– ငြိတယ်။ ငြိကပ် တွယ်တာတဲ့တဏှာ

အစေးတွယ်တဲ့ အချက်ကြောင့်၊ ဆုတောင်းပုံ– ရည်ရွယ်ပုံ တို့ မှားမှားယွင်းယွင်း ဖြစ်ကြတော့

(က) အကျော်အစော "ကိတ္တိသဒ္ဒ" ချီးမွမ်းမှုကို တောင့်တ– ရည်ရွယ်ပြီးပေးတာကိုယုတ်သော သဘောအနက်အရ။ **"ဟီနဒါန"**

(ခ) လူနတ်တို့၏ စည်းစိမ် ချမ်းသာကို တောင့်တ ပြုတာက အလယ်အလတ်ဖြစ်သော သဘော အနက်အရ။ **"မဇ္ဈိမဒါန"**

(ဂ) အရိယာတို့၏ အလေ့အကျက်– အလောင်း အလျာတို့၏ အလေ့အကျက်ကို ဂရုပြုခါ၊ရည် ရွယ်၍ပေးတာကိုတော့၊ မြတ်သော သဘော အနက်အရ။ **(ပဏီတဒါန)**လို့လဲ ကောက်ယူ ရပါတယ်။ (တနည်း) တဆင့်တက်ကောက် လျှင်–

(က) လူ့,နတ်တို့၏စည်းစိမ်ချမ်းသာကို တောင့်တ၍ ပေးလှူတာက **"ဟီနဒါန"**

(ခ) သာဝကဗောဓိ–ပစ္စေကဗောဓိ–ဆိုတဲ့မဂ်ဉာဏ် တွေကို တောင့်တ ရည်ရွယ်၍ ပေးတာကို တော့ **"မဇ္ဈိမဒါန"**

(ဂ) သဗ္ဗညုဗောဓိ– ဘုရားဖြစ်ရန် တောင့်တ၍ လှူတာက။ **"ပဏီတဒါန"** တဲ့။

## တနည်း

(၁) လောကကြီးမှာ သူများလုပ်သလိုမလုပ်လျှင် မကောင်းဘူး။ လူများကဲ့ရဲ့မှာစိုး၍ စေတနာ–သဒ္ဒါမရှိလှဘဲ မလွဲသာ မရှောင်သာ၍ လောကကို ငဲ့ပြီးပြုတာ, အလေးပြုပြီး ပေးကမ်းတာကို **"လောကာဓိပတေယျဒါန"**လို့ခေါ်၏။

(၂) စေတနာ သဒ္ဓါမရှိ လှဘဲမိမိဂုဏ်သိရ်–အရှိန်အဝါနှင့် ပေးမှ လှူမှ ကောင်းမှာဘဲဟု မိမိကိုယ်ကို ငဲ့၍ ပေးကမ်းလှူဒါန်းတာကို **"အတ္တာဓိပတေယျဒါန"** ခေါ်၏။

(၃) ဆိုက်ရောက်လာသော အလှူခံပုဂ္ဂိုလ်– အလိုရှိ၍ တောင်းရမ်းသော သူတို့အား တတ်နိုင် သမျှဝေငှ လှူဒါန်း ထောက်ပံ့ ကျွေးမွေးပေးကမ်းမှုသည် ဘုရားအလောင်းစသော သူတော်ကောင်းတို့၏ အပြုအမူ အလေ့အကျင့် ပါကလားလို့ အလေးပြု၍ ပေးလှူတာကို **"ဓမ္မာဓိပတေယျဒါန"** လို့ခေါ်၏။

သို့ဖြစ်၍ "သဗ္ဗတ္ထသာဓကံ"အရ တဏှာအစေးမတွယ်ဘဲ၊ အလှူ့ဒါယကာ–သခ်ါရဓမ္မ ဖြစ်တဲ့ ရုပ်နာမ်၏ သဘာဝဒုက္ခ အဖြစ်ကို စိစစ် ဝေဘန် ပိုင်းခြားပြီး၊ **"ဝိပဿနာ"** ဆိုတဲ့ ဉာဏ်အမြင်နှင့် စေတနာနာမ်ဓါတ် နာမ်ပရမတ်ကို ကပ်ပြီးတော့၊ "သံသာရဝဋ္ဋဒုက္ခတော" ကို သဘောကြပြီးခါ၊ "မောစနတ္ထာယ" ဆိုတဲ့ စိတ်ကလေးကို

အခြေပြု၍၊ နတ်ဘဝ, ဗြဟ္မာ့ဘဝ, သူဌေး သူကြွယ်၊ ကောရာဇ်–ပဒေသရာဇ်–အာဏာရှင်–ခေါင်းဆောင်ကြီး–ဝန်ကြီးချုပ်–သမ္မတ–ဆိုတဲ့ ဘဝတွေကို မဖြစ် ပါရစေနဲ့. မဖြစ်လဲမဖြစ်ချင်ဘဲ၊ ဘဝကိုသာယာနှစ်သက်တဲ့ တဏှာခေါ်တဲ့ အစေးကွာ ပြီးတော့၊ ဘဝတို့၏ ချုပ်ငြိမ်းရာ **"နိဗ္ဗာန်"** ကိုသာ အာရုံရှေးရှု– ဆုတောင်းခြင်း ပတ္ထနာမှုနှင့် **"ဒါန"** ခေါ်တဲ့ ပေးသဘောကို ပြုတတ် လုပ်တတ်အောင် အထက်ပါ "ဒါနကထာ" ဒါနစကားကလေးကို တိုတိုနဲ့ ရေးခဲ့သော်လည်း၊ လိုရင်းအချုပ်မှာ။–

(၁) မိမိတို့ကိုယ်ကို သာသနာ့စည်းဝိုင်းအတွင်းဝင်အောင်လုပ်မလုပ်တတ်လျှင်ဆရာရှာ၊သို့မဟုတ် ဤကျမ်းငယ်ကိုဖတ်၊

(၂) မိမိကိုယ်တိုင် သာသနာ့စည်းဝိုင်း အတွင်းရောက်နေလျှင်၊ ဒါန, သီလ, ဘာဝနာ, လုပ်လေသမျှသည်။ အဓိပတ္တိပစ္စည်း တပ်အပ်သောသာဓိပတိကုသိုလ်မျိုးတွေထူထောင်မိတော့၏။ ၎င်းကုသိုလ်မျိုးသည် ဖြစ်ရာဘဝ၌ အထက်တန်းကျ၏။

(၃) ဝင့်လည်မှု–မလည်မှုမှာ အလှူ့ရှင်၏ ရည်ရွယ်ရာ။ "သဗ္ဗတ္ထသာခကံ" အရ သိသာပြီ။–

**ဆရာဦးထွန်းလှ– "အဘိဓမ္မာနည်းပြဆရာ"**

ဓမ္မာနုဂ္ဂဟ–ဓမ္မဒါနအဖွဲ့ဥက္ကဋ္ဌ

၁၂ – ဗေယျဝတီလမ်း၊ ကြည့်မြင်တိုင်။

ရန်ကုန်မြို့။

၁၃၁၄–ခု၊ တော်သလင်းလဆန်း ၁၃ ရက်။

အနုကမ္ပကဿ ကုသလဿ၊
ဩဝါဒမှိ အဟံ ဌိတာ။
အဇ္ဈဂါ အမတံ သန္တိံ၊
နိဗ္ဗာနံ ပဒ မစ္စုတံ။ ။

အဟံ၊ ငါသည်။ အနုကမ္ပကဿ၊ ဗြဟ္မာ, နတ်,လူ သုံးဘုံသူတို့အား သနားစောင့်ရှောက် ချီးမြှောက်တော်မူ ပေထသော။ ကုသလဿ၊ တုနှိုင်းသူမရှိ အဓိပတိလိမ္မာ တော်မူလှသော မြတ်စွာဘုရား၏။ ဩဝါဒမှိ၊အဆုံးအမ ဩဝါဒ၌။ ဌိတာ၊ တည်ရသည်ဖြစ်၍။အစ္စုတံ၊စုတေရွေ့ လျောသေရခြင်းသဘောမရှိသော။ အမတံ၊ သေခြင်းကင်း ကွာ ချုပ်ငြိမ်းရာဖြစ်သော။ သန္တိံ၊ ငြိမ်းချမ်းအေးမြသန္တိ သုခဖြစ်သော။ ပဒံ၊ ရောက်အပ် ရောက်သင့် ရောက်ခွင့် ဆိုက်သော။ နိဗ္ဗာနံ၊ ခန္ဓာကမ္မဇာတ်–ချုပ်ပြတ်ရာမှန် မြတ် နိဗ္ဗာန်ကို။ အဇ္ဈဂါ၊ ရပြီ ရောက်ပြီ။ ။

ဟူသော ဝိမာန ဝတ္ထု ပါဠိတော်လာ ဂါထာအရ၊ သောတာပန် နတ်သမီး ကိုယ်တိုင် အရှင်မဟာမောဂ္ဂလာန် အား **"နိဗ္ဗာန်သို့ရောက်ကြောင်း,နိဗ္ဗာန်ကိုရကြောင်း** လျှောက်ထားသည်ဖြစ်ရာ၊ လောဘ, ဒေါသ, မောဟစသော ကိလေသာတို့ဖြင့် တင်းကြမ်းပြည့်နှက်နေသော သာမန် ပုထုဇ္ဇန်တို့၏ အမြင်အားဖြင့် **" နိဗ္ဗာန်သည် တကယ်ပင် ရှိမှရှိပါ့မလား "** ဟူ၍ တွေးထင်ဘွယ် ရှိသော်လည်း၊

နိဗ္ဗာန်သို့တကယ်ရောက်, တကယ်ရကြသော ကိလေသာကင်းစင် အရိယာအရှင်မြတ်များကား..... **"ငါတို့သည် နိဗ္ဗာန်သို့ တကယ်ပင်ရောက်ကြပြီ၊ တကယ်ပင်ရကြပြီ နိဗ္ဗာန်၏ ချမ်းသာမြေ၊သန္တိသုခအရသာကို တကယ်ပ၊ ခံစားကြရပြီ"** ဟု ဟောတော်မူကြသော အဆိုပါ သာဝေ. ပါဠိတော်နှင့် ဆိုင်ရာရဟန္တာ အရှင်မြတ်များ၏ ဟောကြားတော်မူချက်များကို၊ ထောက်ချင့်ကြ၍ နိဗ္ဗာန်သည် သာမန်ပုထုဇ္ဇန်များအတွက် လက်တွေ့မဟုတ်သော်လည်း၊ တကယ်ပင်ရှိသည်ဟု (ကိုယ်တွေ့အလုပ်အားဖြင့်) ယုံကြည်သင့်ကြပေသည်။

ထိုသို့မယုံကြည်သူ လူသာမန်များအတွက် နှစ်သက်ဝမ်းမြောက်ကြစေခြင်း,ယုံကြည်ပြီးသူများအတွက်လည်း၊ ဆထက်တံပိုးတိုး၍ ဝိပဿနာယောဂီအလုပ်ကို၊ ကြိုးကြိုးကုတ်ကုတ် အားထုတ်ကြစေခြင်းငှာ၊ နိဗ္ဗာန်သို့ ပဌမဆုံးအကြိမ် မျက်မှောက်ပြုနိုင်ကြသော အရိယာသောတာပန်တို့၏ ကျင့်ဝတ်တရား အလုပ်စခမ်းဖြစ်သော ဤသည့် **" သောတာပန်စခမ်း "** ဟူသော ကျမ်းငယ်ကို ထိုထိုပါဠိတော်, အဋ္ဌကထာ, ဋီကာတို့မှ ထုတ်နှုတ်စိစစ်၍ ကြိုးပမ်းသမှု ရေးသားပြုစုအပ်ပါသတည်း။

## " နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ "

"ငါသည်သောတာပန်ဖြစ်ပြီလား,အရိယာဖြစ်ပြီလား"ဟူ၍မိမိကိုယ်ကို မိမိစစ်ဆေးနိုင်ရန်အတွက် ပဋ္ဌမရေး ဦးစွာသောတာပန်ဖြစ်ရန် အကျင့်တရား,သောတာပန်အင်္ဂါ, သောတာပန်တို့ စိတ်သဘောထား, သောတာပန်တို့ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်, စသည်တို့ကို သိမှတ်နားလည်ကြစေရန်အတွက် ဤစာအုပ်ထွက်ပေါ်လာရပေသည်။

### (၁) သောတာပန်ဖြစ်ရန်အကျင့်တရား။

ပဋ္ဌမသောတာပန်ဖြစ်ရန် အကျင့်တရား–ဆိုသည်မှာ၊ မိမိတို့၏ ကိုယ်ခန္ဓာဟုဆိုအပ်သော ခန္ဓာငါးပါး၌ ငါဘဲ, သူဘဲ,လူဘဲ,နတ်ဘဲဟု အစွဲအလန်းများခဲ့သော သက္ကာယဒိဋ္ဌိခေါ်အတ္တဒိဋ္ဌိ ကင်းပျောက်အောင် အားထုတ်အပ်သော **"ဝိပဿနာတရား"** ကို ဆိုသည်။ ထိုကဲ့သို့ အသိမှား, အမြင်မှား, အယူမှားသော သက္ကာယဒိဋ္ဌိကို ပယ်သတ်ရန် ဘုရားရှင်ပေးအပ်ထားသော လက်နက်တို့ဖြင့် တိုက်ဖျက်မှ ရမည်ဖြစ်သောကြောင့်၊ ထိုသို့သော လက်နက်တို့ကို (ကိုယ်တွေ့) သုံးစွဲတတ်သော **"ဆရာ"** ကို တွေ့အောင် ရှာရမည်ဟူ၍၊ "ယထာဘူတံ ဘိက္ခဝေ ဉာဏာယသတ္ထာ ပရိယေသိတဗ္ဗာ"

ဘိက္ခဝေ ချစ်သားတို့။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဉာဏာယ၊ ဟုတ်မှန်ထင်လင်း ထိုးထွင်း၍ သိစေခြင်းငှာ

သတ္တာ၊ ရုပ်,နာမ်ဓမ္မသဘာဝကို ကျကျနန–ကိုယ်တွေ့ပြနိုင်သော ဆရာကို။ ပရိယေသိတဗ္ဗာ၊ ဝန်းကျင် အရပ်ထက်အောက်နှံ့အောင်မရမက ရှာမှီးအပ်၏။ ဟု,မဟာပရိနိဗ္ဗာနသုတ်တွင် မိန့်တော်မူပြီ။ ထို့ကြောင့်– သက္ကာယဒိဋ္ဌိကိုသတ်၍၊ သောတာပန်အရိယာဖြစ်လိုသူတို့သည်။ ယထာဘူတသဘာဝကျအောင်ရုပ်, နာမ်ဓမ္မတို့ကို ကျကျနနပြနိုင်သောဆရာကို တွေ့အောင်ရှာ၍အားထုတ်လေတော့....ဟူ၍ မှာတော်မူခဲ့ပေသည်။

## "သောတာပန်ဆိုတာဘာလဲ?"

"သောတာပန္န–သောတ+အာပန္န"(သောတ – ဆိုသည်ကား .... မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေအယဉ်။ အပန္န– ဆိုသည်ကား ရောက်ခြင်း။ သောတာပန္န၊ မဂ္ဂင် ရှစ်ပါး တည်းဟူသော ရေအယဉ်သို့ ရောက်ခြင်း။ ဝါ၊ ရောက်သူ)

သို့ဖြစ်၍ သောတာပန်ဆိုသည်မှာ။ မဂ္ဂင်ရှစ်ပါးရေအယဉ်သို့ရောက်သောသူပေတည်း။ သောတ– သည်မဂ္ဂင်ရှစ်ပါး ဖြစ်ကြောင်းကား။ ....

(က) **ဘုရားရှင်အမေး....** "သောတော သောတောသိ ဟိဒံသာရိပုတ္တာဝုစ္စတိ၊ ကတမောနုခေါသာရိပုတ္တာ သောတော တိ" (မဟာဝဂ္ဂသံယုတ်ပါဠိတော်။)

သာရိပုတ္တာ၊ ချစ်သားသာရိပုတ္တာရာ။ သောတော–သောတောတိ၊ အရိယာတို့သွားရာ ရေအယဉ်၊ အရိယာတို့သွားရာ ရေအယဉ်ဟူ၍။ဣဒံဝစနံ၊ ဤစကားကို။ဝုစ္စတိ

လူရှင်အများ ပါးစပ်ဖျားမှာလေးစားမပြတ် အထပ်ထပ် ပင် ပြောဆိုအပ်၏။ သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ သောတော၊ အရိယာတို့ သွားရာ ရေအယဉ်သည်။ ဝါ- နိဗ္ဗာန်ခရီး လမ်းမကြီးသည်။ ကတမောနုခေါ၊ အဘယ် တရားပါနည်း။ ။ချစ်သား သာရိပုတ္တရာ၊ နိဗ္ဗာန်ဆီသို့ တည့်တည့်မတ်မတ် ဆိုက်ရောက်တတ်တဲ့ သောတဟူသော အရိယာတို့ သွားရာ ရေအယာဉ် နှင့်တူသော နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း လမ်းမြတ်ဆိုတဲ့ တရားဟာ ဘယ်တရားပါလဲချစ်သား .... တဲ့။

(က) **ရှင်သာရိပုတ္တရာအဖြေ...**"အယမေဝဟိဘန္တေ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါသောတော၊သေယျ ထိဒံ၊ သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော,သမ္မာအာဇီဝေါ, သမ္မာဝါယာ မော, သမ္မာသတိ, သမ္မာသမာဓိ တိ"

(မဟာဝဂ္ဂသံယုတ်ပါဠိတော်)

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ အရိယော၊ မြင့်မြတ်ဖြူစင်သော။ ဝါ၊ အရိယာအဖြစ်သို့ ရောက်အောင်ပြုတတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ အယမေဝမဂ္ဂေါ၊ ကိလေသာကိုသတ်၍ နိဗ္ဗာန် သို့ပို့ဆောင်ပေတတ်သော မဂ္ဂင်ဆိုသည့် ဤတရားသည် သာလျှင်။ သောတော၊ နိဗ္ဗာန်လမ်းကြောင်း မတိမ်းမစောင်း ဘဲကောင်းစွာစီးဝင် ရေအယာဉ်နှင့်တူပါပေ၏။ ဝါ၊အရိယာ သို့ စီးသွားကြတဲ့ ရေအယဉ်ကြီးပါဘုရား။ ဋ္ဌဒံ၊ ဤမဂ္ဂင်

ရှစ်ပါးရေအယဉ်ဆိုတဲ့ သောတဟူသည်။ သေယျထာ ကတမံ၊ အဘယ်သည်တို့ နည်းဟူမူကား။ .... သမ္မာဒိဋ္ဌိ၊ရုပ်, နာမ် နှစ်ဝ သင်္ခါရကို၊ ခယဝယ နှင့် ကောင်းစွာမြင်ခြင်းငှင်း၊ သမ္မာသင်္ကပ္ပေါ၊ ရုပ်,နာမ်နှစ်ဝသင်္ခါရကို ကောင်းစွာမြင်ပြီး လျှင် အနိစ္စ,ဒုက္ခ,အနတ္တ စသည်ဖြင့် ကောင်းစွာ ဆင်ခြင်ခြင်း ငှင်း။ သမ္မာဝါစာ၊ လက္ခဏာရေးသုံးပါး တင်ပြီးလျှင်၊ ဝစီဒုစရိုက်ကိုကြဉ်၍ ကောင်းစွာဆိုခြင်းငှင်း။ သမ္မာကမ္မန္တော၊ လက္ခဏာရေးတင်ပြီးမှ ကာယဒုစရိုက်ကိုကြဉ်၍ ကောင်းစွာ ပြုခြင်းငှင်း။ သမ္မာအာဇီဝေါ၊ လက္ခဏာရေးတင်၍ ကာယ, ဝစီနှစ်လီသော ဒုစရိုက်ကို ကြဉ်၍ ကောင်းစွာ အသက် မွေးခြင်းငှင်း။ သမ္မာဝါယာမော၊ ရုပ်,နာမ်–ဓမ္မ, လက်တွေ့ ရလျှက် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ကောင်းစွာ အားထုတ် ခြင်းငှင်း။ သမ္မာသတိ၊ ရုပ်,နာမ်,ဓမ္မ–ဉာဏ်စဉ်ရ၍၊ မဂ်ရ, ဖိုလ်ရ, နိဗ္ဗာန်ရအောင် ကောင်းစွာ သတိထားရခြင်း ငှင်း။ သမ္မာသမာဓိ၊ ရုပ်,နာမ်ဓမ္မ, သဘာဝကို ကျကျနန စူးစိုက်၍ တည်ကြည်ငြိမ်သက်ခြင်းငှင်း။ ဣတိဣမေ၊ ရေတွက် ပိုင်းခြား၊ ဤရှစ်ပါးတို့ပါဘုရား။ ။ ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ အရိယာတို့ သွားကြတဲ့ သောတ–ဆိုသော ရေအယာဉ် ဆိုသည်မှာ၊ သဿတဒိဋ္ဌိ–ဟူသော ကာမ သုခလ္လိကာနု ယောဂ, ဥစ္ဆေဒဒိဋ္ဌိ–ဟူသော အတ္တကိလမထာနုယောဂ၊ ဤအစွန်း နှစ်ပါးမှလွတ်၍ မဇ္ဈိမပဋိပဒါအလယ်လမ်းကြောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါးတရားမြတ်သည်။ သောတ–မည်ပါသည် ဘုရား....တဲ့ ။

## “ ရုပ်,နာမ်တွေ.၍ မဂ္ဂင်ရှစ်ပါးရလျှင် သောတာပန်တဲ့ ”

**(ခ) ဘုရားရှင်အမေး** .... “သောတာပန္နော သောတာပန္နော–တိဟိ.ဒံ.သာရိပုတ္တဝုစ္စတိ၊ ကတမောနုခေါ သာရိပုတ္တ သောတာပန္နောတိ”

(မဟာဝဂ္ဂသံယုတ်)

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ သောတာပန္နော–သောတာပန္နောတိ၊ သောတာပန်ဘဲ၊ သောတာပန်ဘဲ ဟူ၍။ ဣဒံဝစနံ၊ ဤစကားကို။ ဝုစ္စတိ၊လူ,နတ်,ဗြဟ္မာ–သတ္တဝါပေါင်း အစဉ်သုံးစွဲအပ်၏။ သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ သောတာပန္နော၊ သောတာပန်ဆိုသော သူသည်။ ကတမော နုခေါ၊ဘယ်တရားမျိုးရ၍ဘယ်တရားမျိုးနှင့်နေသောသူပေ နည်း။ ။ ချစ်သား သာရိပုတ္တရာ၊ ဒီသူဟာသောတာပန် ဘဲ, သောတာပန်ဘဲ–လို့ လူ,နတ်ဗြဟ္မာတို့ နှုတ်ဖျားမှာ ပြောဆိုနေကြတယ်။ ထိုသောတာပန်ဆိုတဲ့သူဟာ– ဘယ်တရားမျိုးနဲ့နေတဲ့ သူလဲ–ချစ်သား....တဲ့။

**(ခ) ရှင်သာရိပုတ္တရာအဖြေ**.... “ယောဟိ ဘန္တေ ဣမိနာ အရိယေန အဋ္ဌင်္ဂိကေန မဂ္ဂေန သမန္နာ ဂတော အယံ ဝုစ္စတိ သောတာပန္နော.တိ”

(မဟာဝဂ္ဂသံယုတ်)

ဘန္တေ၊ မြတ်စွာဘုရား။ ယော၊ အကြင်ယောဂီပုဂ္ဂိုလ် သည်။ အရိယေန၊ မြင့်မြတ်ဖြူစင်လှသော။ ဝါ၊အရိယာဖြစ်

အောင်ပြုတတ်သော။ အင်္ဂါဂိကေန၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ဣမိနာမဂ္ဂေန၊ ဤမဂ္ဂင်ရှစ်ပါး မဂ်ဆိုတဲ့ တရားနှင့်။ သမ္မန္နာဂတော၊ ပြည့်စုံပေသော။ အယံ၊ ဤယောဂီမျိုးကို။ သောတာပန္နောတိ၊ သောတာပန် ဟူ၍။ ဝါ၊ နိဗ္ဗာန်ဆီသို့ စီးဝင်သော ရေအယဉ်၌အစဉ်ရောက်သောသူ ဟူ၍။ ဝုစ္စတိ၊အမှန်ဆိုအပ်ပါသည် ဘုရား။ ။ ရုပ်,နာမ်ဓမ္မသင်္ခါရတို့၌ မဂ္ဂင်ရှစ်ပါး တရားမြတ်အတိုင်း၊ ကျင့်ဆောင်နေသည်ဖြစ်၍၊ ရုပ်ခတ်,နာမ်ခတ်ပရမတ်ကို အတပ်မြင်ပြီးလျှင်၊ ပဌမဆုံးနိဗ္ဗာန်ကို မျက်မှောက်ပြုသွားသော ပုဂ္ဂိုလ်ကို အရိယာဟူ၍ငှင်း၊ သောတာပန် ဟူ၍ငှင်း–ခေါ်ဆိုရပါသည်ဘုရား....တဲ့။

## (၂) " သောတာပန်ဖြစ်ကြောင်းအင်္ဂါ "

**(ဂ) ဘုရားရှင်အမေး....**" သောတာပတ္တိယင်္ဂံ သောတာပတ္တိယင်္ဂံ န္တိ ဟိဒံ သာရိပုတ္တ ဝုစ္စတိ၊ ကတမံနုခေါ သာရိပုတ္တ သောတာပတ္တိယင်္ဂံ န္တိ"

(မဟာဝဂ္ဂသံယုတ်)

သာရိပုတ္တ၊ချစ်သားသာရိပုတ္တရာ။ သောတာပတ္တိယင်္ဂံသောတာပတ္တိယင်္ဂန္တိ၊ သောတာပန်ဖြစ်တို့အင်္ဂါ၊ သောတာပန်ဖြစ်တို့အင်္ဂါဟူ၍။ ဣဒံဝစနံ၊ ဤစကားကို။ ဝုစ္စတိ၊ တရားရှာသူများဗိုလ်လူတို့ မှတ်ယူမပြတ်ပြောဆိုအပ်၏။သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။သောတာပတ္တိယင်္ဂံ၊ သောတာပန်ဖြစ်ဘို့ အင်္ဂါသည်။ ကတမံနုခေါ၊ အဘယ်

အင်္ဂါပါနည်း။ ။ချစ်သား သာရိပုတ္တရာ၊ သောတာပန်ဖြစ်ကြောင်း ကောင်းမြတ်သော အင်္ဂါ ဘယ်နှစ်ပါးရှိသလဲ၊ ဘယ်လိုအကြောင်းများနဲ့ ပြည့်စုံမှ သောတာပန်ဖြစ်ထိုက်ပါသလဲ–ချစ်သား....တဲ့။

**(ဂ) ရှင်သာရိပုတ္တရာအဖြေ** .... " သပ္ပုရိသသံသေဝေါဟိ ဘန္တေ သောတာပတ္တိယင်္ဂံ၊ သဒ္ဓမ္မဿဝနံ သောတာပတ္တိယင်္ဂံ၊ ယောနိသောမနသိကာရော သောတာ ပတ္တိယင်္ဂံ၊ ဓမ္မာ.နုဓမ္မပဋိပတ္တိ သောတာ ပတ္တိယင်္ဂံ.န္တိ" (မဟာဝဂ္ဂသံယုတ်)

ဘန္တေ၊ မြတ်စွာဘုရား။ သပ္ပုရိသသံသေဝေါ၊ ရုပ်, နာမ်ဓမ္မ သင်္ခါရကို၊ ကျကျနန ကိုယ်တွေ့,ဉာဏ်တွေ့,အမှန်တွေ့အောင်ပြတတ်သော သူတော်ကောင်းတို့နှင့်ပေါင်းဖေါ်မှီဝဲဆည်းကပ်၍ နေခြင်းသည်။ သောတာပတ္တိယင်္ဂံ၊ သောတာပန်ဖြစ်တို့ အင်္ဂါပါဘုရား။ သဒ္ဓမ္မဿဝနံ၊ ရုပ်, နာမ်ဓမ္မသဘာဝကို ကျကျနန ကိုယ်တွေ့ရအောင် တရားနာခြင်းသည်။ သောတာပတ္တိယင်္ဂံ၊ သောတာပန်ဖြစ်တို့ အင်္ဂါပါဘုရား။ ယောနိသောမနသိကာရော၊ ပေါ်သမျှ ဓာတ်တရားကို ခယဝယဘိဇ္ဇနနှင့် အနိစ္စ, ဒုက္ခ, အနတ္တ သဘောပေါက်အောင် နှလုံးသွင်း၍ ဓာတ်ကိုဖမ်းနေခြင်းသည်။ သောတာပတ္တိယင်္ဂံ၊ သောတာပန်ဖြစ်တို့အင်္ဂါပါဘုရား။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ ဝိပဿနာတရားကိုသာ ပွါးများလျက်နေခြင်းသည်။ သောတာပတ္တိယင်္ဂံ၊ သောတာပန်ဖြစ်တို့ အင်္ဂါပါဘုရား။ ကူတိကူမေ၊ ရေတွက်ပိုင်းခြား ဤလေး

ပါးတို့ပါဘုရား။ ။ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ သောတာပန်ဖြစ်ကြောင်းအင်္ဂါသည်။

(၁) ရုပ်,နာမ်ဓမ္မ သင်္ခါရတို့ကို မြတ်စွာဘုရားသည် ဟောတော်မူသောအတိုင်း သဘာဝကျအောင် မိမိလည်း ကြိုးစားအားထုတ်, သူတပါးကိုလည်း ယထာဘူတကျအောင်ပြသနိုင်သော သူတော်ကောင်းတို့ကို ဖွေရှာ၍ မှီဝဲဆည်းကပ်ရခြင်းသည်လည်းတပါး။

(၂) ထိုသူတော်ကောင်း၏ ရုပ်,နာမ်တရားကို ကျကျနန ဟောပြောပြသရာဝယ်၊ မှတ်မိ, သားမိ, ကိုယ်တွေ့မိအောင် တရားနာရခြင်းသည်လည်းတပါး။

(၃)ကိုယ်တွေ့ တွေ့ရှိအပ်သော ရုပ်ဓာတ်, နာမ်ဓာတ်, ပရမတ်တို့၌ ပျက်တဲ့သဘောကို မြင်အောင်ကြည့်မှု, ဆင်းရဲတဲ့သဘောကို ကိုယ်တွေ့သိမှု, ငါမဟုတ်, သူမဟုတ်သောသဘောကို အတပ်အမှန် မြင်အောင် ရှုမှတ်၍နေခြင်းသည်လည်းတပါး။

(၄) မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကိုးပါးနှင့်လျော်သည့် မဂ်၏ ရှေးအဘို့ကျင့်အပ်သော ဝိပဿနာတရားကို ပွါးများ၍ နေခြင်းသည်လည်းတပါး၊ ဤလေးပါးတို့ပါဘုရား....တဲ့။

ဤအင်္ဂါလေးပါးတို့တွင်**"ဓမ္မာနုဓမ္မပဋိပတ္တိ"**ဟူသောပုဒ်ကို–

"ဓမ္မာနုဓမ္မပဋိပတ္တီတိ လောကုတ္တရ ဓမ္မဿ အနုဓမ္မဘူတာယ ပုဗ္ဗဘာဂပဋိပတ္တိယာ ပဋိပဇ္ဇနံ"

ဟူသော သံဂီတိသုတ်အဋ္ဌကထာ။

"ပုဗ္ဗဘာဂ ပဋိပတ္တိယာတိ ဝိပဿနာနုယော ဂဿ" ဟူသော သံဂီတိသုတ်ဋီကာ တို့ကို ထောက်၍ **"ဝိပဿနာတရားကိုသာ ပွါးများ၍ နေခြင်း"** ဟူ၍ အနက်ပေးရလေသည်။

ဤကဲ့သို့သောတာပန်ဖြစ်ရန် အင်္ဂါလေးပါးကို "စတုက အင်္ဂုတ္တိုရ်ပါဠိတော်"၌လည်း ဤအတိုင်းပြလေသဖြင့် ဖော်မပြတော့ပြီ။ ထိုပါဠိတော်လာ အင်္ဂါလေးပါးတို့ အလွယ်မှတ်ရန် **"မြဝတီဆရာတော်-က"**

* "သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ သင့်ရာစိတ်ထား၊ မဂ်အားလျော်ဘိ၊ ဒိဋ္ဌိကိုခွါ၊ ဤလေးဖြာ၊ သောတာပန်စစ် ဖြစ်ကြောင်းတည်း"

ဟူ၍၎င်း၊ **"ဉာဏာစာရီဆရာတော်ကလည်း"**

* "သူတော်ဆည်းကပ်၊ တရားမြတ်၊ နာအပ်ဖန်ခါခါ"

* နှလုံးသွင်းမှန်၊ ကျင့်ပြင်းထန်၊ လေးတန်အရိယာ"

ဟူ၍၎င်း၊ စပ်ဆိုတော်မူကြသည်။ ဆိုခဲ့သောအင်္ဂါလေးပါး နှင့် ပြည့်စုံလျှင်၊ တရားထူး-တရားမြတ်ရ, ရမည် မုချသာ တည်း။ ထိုအင်္ဂါလေးပါးတို့ မပြည့်စုံဘဲ တပါးပါး ချွတ် ယွင်းနေလျှင်မူကား၊ ဘယ်လိုပုဂ္ဂိုလ်ပင်ဖြစ်ဖြစ် မဂ်စော် မနံ, ဖိုလ်သံမကြား အရပ်ပြစ်ရစ်ပါးထဲ ရောက်နေပြီ မှတ် ပေတော့၊ ထို့ကြောင့် ယခုဘဝတွင် ဘုရားသာသနာ တော်ထွန်းလင်းနေသောအခါ ခေတ်၌ ရက်တိုတိုနှင့် မဂ် ဖိုလ်ကိုတွေ့လို, မြင်လို, မျက်မှောက်ပြုလိုကြသော အမျိုး ကောင်းသား, အမျိုးကောင်းသမီးတို့သည်။ ပဌမအင်္ဂါဖြစ် သည့် ရုပ်,နာမ်ဓမ္မ သဘာဝကို ကျကျနန ကိုယ်တွေ့မိ

အောင်ပြသနိုင်သော ဆရာကိုတွေ့အောင်ရှာ၍၊ ဒုတိယ အင်္ဂါဖြစ်သော ရုပ်,နာမ်ဓမ္မ တရားစစ်ကို ကိုယ်တွေ့, ဉာဏ်တွေ့, အမှန်တွေ့အောင် နားကြားကြမှသာ မဂ်,ဖိုလ်၏ ကိစ္စဖြစ်သော တတိယအင်္ဂါ, စတုတ္ထအင်္ဂါတို့နှင့် ပြည့်စုံနိုင်သည်ဖြစ်သောကြောင့်၊ မိမိတို့၏ မဂ်ဖိုလ်ရရေး, သောတာပန်ဖြစ်ရေးတွင် စာငြင်းနေဘို့မဟုတ်။ တွယ်တာ ညှာတာနေဘို့မဟုတ်၊ မှန်ရာကိုကြိုးစား၍ ရှာဖွေလုပ်ကိုင်ရပေမည်။ ဤသို့ တရားကိုရှာဖွေရာ၌လည်း၊ **ဘုန်းကြီးမို့ လူမို့၊ သီလရှင်မို့ ပြောနေစရာမလို** မြတ်စွာဘုရားသည် ဟောတော်မူအပ်သော တရားတော်အစစ်ကို ဟောနိုင်လျှင်, ပြနိုင်လျှင်၊ ရဟန်းဖြစ်ဖြစ်, ရဟန်းမဖြစ်ဖြစ်, လူယောက်ျားဖြစ်ဖြစ်, လူမိန်းမဖြစ်ဖြစ်, နတ်ဖြစ်ဖြစ်, သိကြားဖြစ်ဖြစ်, မာရ်ဖြစ်ဖြစ်, ဗြဟ္မာဖြစ်ဖြစ်–ဘယ်သူမဆို မှန်ရာဟော၍ မှန်ရာပြလျှင် ဘုရားရှင်ဟောသလို, ဘုရားရှင်ပြသလို–အတူတူမှတ်ရမည်ဟူ၍....

"ယောဟိကောစိ ဘိက္ခုဝါ,ဘိက္ခုနီဝါ,ဥပါသကောဝါ,ဥပါသိကာဝါ,ဒေဝေါဝါ,သက္ကောဝါ, မာရောဝါ,ဗြဟ္မာဝါ, ဓမ္မံ ဒေသေတု ပကာသေတု သဗ္ဗောသော သတ္ထာရာဒေသိတော ပကာသိတောဝ နာမ ဟောတိ" ဟူသော "အင်္ဂုတ္တိုရ်အဋ္ဌကထာ" မိန့်မှာတော်မူသည်နှင့်အညီ၊ မိမိ၏တရားရမှုတွင် ဝေဖန်စုံစမ်း၍ ရုပ်,နာမ်ဓမ္မ၌ သဘာဝကျလျှင် ရခိုက်သောအခွင့်ကောင်းကာလ ခဏကလေးကို အလကား အချိန်ကုန်ခံ၍

ဂိုးများမနေဘဲ သက္ကာယဒိဋ္ဌိပြုတ်၍၊ စူဠသောတာပန်, မဟာသောတာပန် ဖြစ်ရန်အရေးသည် အလွန်အရေးကြီး လှသည်။ အမှတ်တမဲ့ နေသူတို့အဘို့တွင် ဘာမှသတိမရ သော်လည်း၊ သံသရာဘေးကိုတွေး၍ ကြောက်သူ, သံသရာ ထဲခရီးခဲတွင် လူးကာ လဲကာ–အပါယ်နှင့် တလဲလဲ ဝဋ် ဆင်းရဲကို မြင်နေသူတို့အဘို့ကား....လောကမှုဘာမဟုတ် တဲ့ စည်းစိမ်နုပ်, စည်းစိမ်မွဲ လာဘသက္ကာရ, အမှိုက် သရိုက်ကလေးတို့ကို တွယ်တာ ကပ်ငြိခြင်း ခေါင်းပါး၍၊ ရင်ဝမှာ လှံစူးသောသူ, ဦးခေါင်းတွင် မီးလောင်နေသော သူသည် ထိုစူးသောလှံကို ပဋ္ဌမမနှုတ်ဘဲ၊ လောင်သော မီးကို ပဋ္ဌမ, မငြိမ်းဘဲ၊ တစုံတခုပြုစလောက်သော အလုပ် မရှိသကဲ့သို့ သက္ကာယဒိဋ္ဌိဟူသော ငရဲမီးဓာတ်ကြီး–ရင်ထဲ နှလုံးထဲစွဲနေသည်ကို ပဋ္ဌမဦးဆုံး ဖြုတ်ပစ်ဘို့။ ဝါ၊ သောတာ ပန်ဖြစ်အောင်တရားအားထုတ်မှုကို တိုက်တွန်း ဆုံးမတော် မူလိုသော ဘုရားရှင်သည်။

"သတ္တိယာဝိယ ဩမဋ္ဌော၊
ဒယှမာနော.ဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ"။ ။

ဟူ၍ သံယုတ်ပါဠိတော်တွင် မိန့်တော်မူလေပြီ။

**အနက်ကား။** သတ္တိယာ၊ အသွားနှစ်ဘက် မြမြထက် သော ချွန်းတောင်း လှံမကြီးဖြင့်။ ဩမဋ္ဌောဝိယ၊ ရင်ဝ, ရင်လယ်၌ တဲ့တဲ့ကြီး စူးစိုက်၍ နေသော သူကဲ့သို့၎င်း။

မတ္ထကေ၊ ဦးခေါင်း ဥဿျောင် တခုလုံး၌။ ဒယှမာနော၀၊ တဟုန်းဟုန်းတပြောင်ပြောင် မီးလောင်၍နေသော သူကဲ့သို့ ၎င်း။ သက္ကာယဒိဋ္ဌိ၊ ခန္ဓာငါးပါးသဘောများကို လွဲမှား ယွင်းယို ငါ၏ ကိုယ်ဟု စွဲမှတ်သော သက္ကာယဒိဋ္ဌိကို။ ပဟာနာယ၊ ရှောင်ခွါလွတ်ကင်း ပယ်ရှားခြင်းငှါ။ ဘိက္ခု၊ လူ,နတ်,ဗြဟ္မာချမ်းသာ သုခ ဟူသမျှကို ဘေးဘယဟု မြင်အောင် ရှုသော ရဟန်းသည်။ သတော၊ မလစ်စေမူ- သတိပြုသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ကာမ,ရူပ,အရူပ,ဟု ရာဂ ကင်းရာ ဝိပဿနာကို၊ ခါခါမနား လွန်ကြိုးစား၍ ပွါးများ ရှုမှတ်ရာသတည်း။

## "သက္ကာယဒိဋ္ဌိ၏ ကြောက်ဘွယ်ကောင်းပုံ"

မိမိတို့၏ ခန္ဓာငါးပါး၌၊ ငါဟူ၍ အစွဲမှားခဲ့သော"ဓမ္မ သင်္ဂဏီပါဠိတော်"လာ သက္ကာယဒိဋ္ဌိ-နှစ်ဆယ်သည် ခပ် သိမ်းသော ဒိဋ္ဌိတို့၏ မူလအမြစ်တည်း၊ ငရဲကြီးရှစ်ထပ်ဆို သည်လည်း၊ ဤသက္ကာယဒိဋ္ဌိ၏ အပွါး အစီးပင်တည်း။ ဥဿဒငရဲပေါင်း ၁၂၈-ထပ်သည်လည်း၊ ဤသက္ကာယဒိဋ္ဌိ၏ အပွါး အစီးပင်တည်း။ တိရစ္ဆာန်အမျိုးမျိုး, ပြိတ္တာအမျိုးမျိုး, အသူရကာယ်အမျိုးမျိုး ဆိုသည်လည်း၊ ဤသက္ကာယဒိဋ္ဌိ၏ အပွါး အစီးပင်တည်း။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိလည်း၊ ဤသက္ကာယဒိဋ္ဌိ၏ အပွါးအစီးပင်၊ ၃-ပါးသော နိယတ မိစ္ဆာဒိဋ္ဌိကြီးသည်လည်း၊ ဤသက္ကာယဒိဋ္ဌိ၏ အပွါး အစီးပင်၊ ဒုစ္စရိုက်ဆယ်ပါးဆိုသည်လည်း၊ ဤသက္ကာယဒိဋ္ဌိ၏ အပွါး အစီးပင်။

ဤကဲ့သို့ နှစ်ဆယ်သော သက္ကာယဒိဋ္ဌိ,၂၅၆–ပါးသော သက္ကာယဒိဋ္ဌိကို မပယ်နိုင်သေးသော အကြင်ပုထုဇ္ဇန် သတ္တဝါတို့သည်။ လူ့ပြည်မှာ သူဌေး,သူကြွယ်,ပဒေသရာဇ်, ဧကရာဇ်,စကြာ,မန္ဓာတ် စည်းစိမ်ကို ရရှိခံစား၍ နေကုန် သော်လည်း၊ ရင်ထဲနှလုံးထဲမှာ ၂၅၆–ပါးသော သက္ကာယ ဒိဋ္ဌိငရဲမီး ဝင်းဝင်းတောက် ထိန်ထိန်ညီး အမြဲပါရှိ၍ နေ ကုန်၏။ နတ်ပြည် ၆ ထပ်မှာ နတ်မင်း, သိကြားမင်းစည်းစိမ် ကို ရရှိခံစား၍ နေကုန်သော်လည်း၊ ရင်ထဲနှလုံးထဲမှာ ၂၅၆–ပါးသော သက္ကာယဒိဋ္ဌိ ငရဲမီး ဝင်းဝင်းတောက် ထိန်ထိန်ညီး အမြဲပါရှိ၍ နေကုန်၏။ ယခုနေ့ စုတေလျှင်နက် ဖြန့် အဝီစိငရဲမီးစာ ဖြစ်နိုင်ကုန်၏။ သုဒ္ဓါဝါသမှ တပါးသော ရူပ, အရူပ,ဗြဟ္မာဘုံမှာ ဗြဟ္မာမင်းစည်းစိမ်ကို ရရှိခံစား၍ နေကုန်သော်လည်း၊ ရင်ထဲနှလုံးထဲမှာ ၂၅၆–ပါးသော သက္ကာယဒိဋ္ဌိငရဲမီး ဝင်းဝင်းတောက် ထိန်ထိန်ညီး အမြဲပါ ရှိ၍ နေကုန်၏။ ယခုနေ့ စုတေလျှင် နက်ဖြန့် အဝီစိမီးစာ ဖြစ်နိုင်ကုန်၏။

ဤကဲ့သို့ စိတ်ထဲနှလုံးထဲတွင် သက္ကာယဒိဋ္ဌိအပြီးပါရှိ၍ နေသမျှ ကာလပတ်လုံး၊ ကမ္ဘာပျက်၍မှ ငရဲကမလွတ်ရ သော နိယတဒိဋ္ဌိကြီးကို ယူကြသော လူမျိုး, နတ်မျိုးမှာ ဖြစ်ခဲ့လျှင်၊ ထိုဒိဋ္ဌိကိုပင်ယူလတ္တံ့။ စိတ်နှလုံးထဲမှာ သက္ကာယ ဒိဋ္ဌိပါရှိနေသမျှ ကာလပတ်လုံး၊ ပဉ္စာနန္တရိယကံကြီး ငါးပါးလည်း အမြဲပါရှိ၍ နေတော့သည်။ ဒုစ္စရိုက်ဆယ်ပါး အမြဲပါရှိ၍ နေတော့သည်။ ဘယ်မကောင်းမှုမျိုး, ဘယ် အမိုက်အမဲမျိုး, ဘယ်အမှောက်အမှားမျိုးငါ၌ မဖြစ်လတ္တံ့

ဟု တစုံတခုမျှမရှိ၊ လူ့ပြည်၌ လူဖြစ်နေသော်လည်း၊ရင်ထဲမှာ အပါယ်လေးဘုံ အပြီးပါ၏။ နတ်ပြည် ၆-ထပ်မှာနတ်မင်း, သိကြားမင်းကြီးဖြစ်နေသော်လည်း၊ ရင်ထဲမှာ အပါယ်လေးဘုံ အပြီးပါ၏။ ဗြဟ္မာပြည်မှာ ဗြဟ္မာဖြစ်ရသော်လည်းရင်ထဲမှာ အပါယ်လေးဘုံ အပြီးပါ၏။

ဤမျှကြီးကျယ်သော အပြစ်ဒေါသများသည်၊ အနည်းငယ်သာရှိသေးသည်။ သက္ကာယဒိဋ္ဌိအကျယ်ကို သိလိုကြမူ **"ကျေးရှူးရှင် လယ်တီဆရာတော်ဘုရားကြီး"**စီရင်တော်မူအပ်သော **"ပဋိစ္စသမုပ္ပါဒဒီပနီ"** ၌ ယူကြပါကုန်။ ဤကဲ့သို့ ကြောက်ဘွယ် လန့်ဘွယ် ကောင်းလှသော သက္ကာယဒိဋ္ဌိ ပါပမြေကြီး၊ မိမိတို့၏ရင်ထဲနှလုံးထဲမှာထိန်ထိန်ညီးအောင် တောက်ထ၍ နေကြသောသတ္တဝါတို့မှာ လေမုန်တိုင်းတွင် လွင့်လာသော သစ်ရွက်, မြက်,အမှိုက် မြစ်ရေအယဉ်မှာမျော၍ ပါသော သစ်ရွက်,မြက်,အမှိုက် တို့အလားကဲ့သို့၊ သံသရာအလား, ဘဝအလား, ကြောက်ပါးလိလိရှိနေကြသော သဘောသည်လည်း ထင်ရှားကြကုန်၏။

ဘုရားသာသနာတော်၌ ကြုံကြိုက်သော ဘဝ၌သာလျှင် **"ငါငါ"** ဟူ၍ စွဲလန်းမှုကို သက္ကာယဒိဋ္ဌိမှု, ငရဲမီးတောက်မှုဟု သိနိုင်သည်။ ဘုရားသာသနာ ကွယ်သော သာသနာပသို့ရောက်၍သွားလျှင်၊ မဟာကမ္ဘာအသင်္ချေပင်ကြာသော်လည်း၊ သက္ကာယဒိဋ္ဌိဟူ၍ သိဖို့ပါက်,**သိလမ်းမရှိ**၊ မှောင်အတိ ဖုံးလွှမ်းလေတော့သည်။ ထို့ကြောင့် ယခုကဲ့သို့

ဝိပဿနာ ပဋိပတ္တိသာသနာတော် ထွန်းလင်းတောက်ပစဉ်တွင် ဤသက္ကာယဒိဋ္ဌိကို သတ်ခွင့်ကြုံသော အခိုက်ကြိုးစား၍ သတ်ကြရန် **"သတ္တိယာဝိယဩမဋ္ဌော"** ဟူသောဂါထာတော်ဖြင့် ဘုရားရှင် တိုက်တွန်းတော် မူခဲ့ပေသတည်း။

**" သက္ကာယဒိဋ္ဌိသေလျှင်သောတာပန် "**

ဤမျှသံသရာ တဘဝလုံးတွင် ကြီးကျယ်သော အပြစ်ဒေါသဖြစ်စေသည့် သက္ကာယဒိဋ္ဌိကို သတ်ရန်အရေးသည်။ လွန်စွာ အရေးကြီးလှသဖြင့်၊ သတ်ဖြတ်နိုင်ရန် လက်နက်ကား။ **"ပဋိပတ် ဟူသော ဝိပဿနာပွါးမှုပင်တည်း။'** မိမိတို့၏ ရုပ်,နာမ်ဟူသော ခန္ဓာငါးပါးတွင် ရုပ်ဓာတ်ကိုရုပ်ဓာတ်ဟု ကိုယ်တွေ့သိမှု၊ နာမ်ဓာတ်ကို နာမ်ဓာတ်ဟု ကိုယ်တွေ့ သိမှု ရုပ်ဓာတ်တွင်လည်းအရေးအကြီးဆုံးသော "မဟာဘုတ်ခေါ် ဘူတရုပ်"ဟူသော ဓာတ်ကြီးလေးပါးတို့ကို သူ့သဘောနှင့်သူ ဤကား။ "နူးခြင်း၊ မာခြင်း,တောင့်တင်းခြင်း ပထဝီဓာတ်၊ ဤကား-ယိုစီးခြင်း,ဖွဲ့စီးခြင်း၊ အာပေါဓာတ်,ဤကား-ပူပူ-အေးအေး-နွေးနွေး-ရှိန်ရှိန်ဟူသော တေဇောဓာတ်၊ ဤကား-ထောက်ကန် -လှုပ်ရှားခြင်းဝါယောဓာတ်"စသော ဓာတ်ကြီးလေးပါး တို့ကို အသိသိမြင်အောင်ရှု၍ ထိုရုပ်ဓာတ်ကြီးတို့၏ ခဏမစဲ တသဲသဲတလှုပ်လှုပ်အားဖြင့်ရင်း၊ နုပ်နုပ်ဖွဲ့ဖွဲ့မွမွကြဲအောင် ပျက်စီးဖေါက်ပြန်မှုတို့ကိုရင်း၊ သဲကမ္ဘာကို ရေတိုက်စားသကဲ့သို့ ရတ်တရက် ပြိုကွဲပျက်စီးသော သဘော တို့ကိုရင်း၊ နာကျင်ခံခက်

ဆင်းရဲနက်သော ဒုက္ခအချက်တို့ကိုငင်း၊ ဆိချက်အိုးများ ဆူဝေတက်သကဲ့သို့ ခန္ဓာကိုယ်တခုလုံး၌ ရေပွက်သဏ္ဍာန် ဖြစ်ပျက်မြန်လှသော သဘောတို့ကိုငင်း၊ တလှပ်လှပ်, တဒိတ်ဒိတ်, တရိပ်ရိပ်အားဖြင့် မီးခိုးအသွင် ရေငွေ့ငွေ့ ပမာ တွေ့ရသော သဘောတို့ကိုငင်း၊ ရေးပြ၍ မကုန်နိုင် အောင် ပျက်စီးဖေါက်ပြန်သော သဘောတို့ကို ပရမတ္ထ သဘာဝအတိုင်း ယောဂီ၌ ကိုယ်တွေ့သိရတော့သည်။

(အစပဋ္ဌမသမာဓိထူထောင်ပုံမှစ၍ ဝိပဿနာတက်၍ ရှုမှတ်ပုံများကို၊ ကျွန်ုပ်တို့ ရေးသားအပ်သော **"နိဗ္ဗာန် ပေါက်လမ်း–ဓာတ်ကမ္မဋ္ဌာန်း"** စာအုပ်၌ အကျယ်ယူကြပါ။ ဤစာအုပ်၌ ချွင်းခဲ့၍ သဘောမျှသာ ဖေါ်ပြအံ့။)

## **"သက္ကာယဒိဋ္ဌိသတ်ရကျိုး"**

ခန္ဓာအစဉ်တွင် မှားယွင်းစွာ စွဲလန်းခဲ့သော သက္ကာယ ဒိဋ္ဌိကိုပဌမဆုံးအကြိမ်သတ်သူသည် သောတာပန်မည်၏။ ထိုသို့သက္ကာယဒိဋ္ဌိ သေသည်နှင့် တပြိုင်နက် ရအပ်ခံစား အပ်သော အကျိုးတို့သည် အလွန်များပြားကုန်၏။ ပဌမ သောတာ ပတ္တိမဂ်သို့ ရောက်သောအခါ၊ ထိုပုဂ္ဂိုလ်တို့၏ သဏ္ဍာန်၌ရှိသော ဒိဋ္ဌိမျိုး, ဝိစိကိစ္ဆာမျိုးတို့သည် အကုန် ချုပ်ငြိမ်းကုန်၏။ အတိတ်ကပါခဲ့သော ဒုစ္စရိုက်ကံဟောင်း အနန္တ, ရှေ့သို့ ဘဝအဆက်ဆက် မိုက်မဲ လတ္တံ့သော ဒုစ္စရိုက်ကံသစ် အနန္တတို့သည်၊ အကုန်ချုပ်ငြိမ်း ကုန်၏။ အပါယ်သံသရာကြီး အပြီးကျွတ်လွတ်၏။ ဤဘဝမှနောက် ၌, လူ့ဘုံ, နတ်ဘုံ,ဗြဟ္မာဘုံဟူသော သုဂတိ သံသရာသည်

သာကျန်ရှိလေ၏။ ဆိုသုဂတိ သံသရာမှာလည်း၊ မိစ္ဆာဒိဋ္ဌိ လူမျိုး,နတ်မျိုး,ဗြဟ္မာမျိုးတို့၌၊ တရံတဆစ်မျှ ဖြစ်ခြင်းမရှိကြကုန်ပြီ။ ဒုစ္စရိုက်,ဒုရာဇီဝမျိုး,နတ်မျိုး,ဗြဟ္မာမျိုးတို့၌၊ တရံတဆစ်မျှ ဖြစ်ခြင်းမရှိကြကုန်ပြီ။

စည်းစိမ်ကြက်သရေ ဘုန်းတန်ခိုး ညှိုးနွမ်းသေးသိမ်သော လူမျိုး, နတ်မျိုး, ဗြဟ္မာမျိုးတို့၌ တရံတဆစ်မျှဖြစ်ခြင်းမရှိကြကုန်ပြီ။ အလွန်ကြီးမြတ်လှစွာသော စည်းစိမ်ချမ်းသာ, ဘုန်းတန်ခိုး အရှိန်အဝါ, အလိမ္မာနှင့် ပြည့်စုံသော လူမျိုး,နတ်မျိုး,ဗြဟ္မာမျိုးတို့၌သာ ဖြစ်ကြလေကုန်တော့သည်။ ထိုကဲ့သို့ ကျန်ရှိသော သမ္ပတ္တိသုဂတိ သံသရာမှာလည်းဖြစ်ဆဲ, ရောက်ဆဲသောဘုံမှ,အောက်ဘုံသို့ ပဋိသန္ဓေအားဖြင့် ဆင်းသက်ကျလျှောခြင်း မရှိကြကုန်ပြီ။ မိမိတို့ဖြစ်ရာဘုံ၌ ထပ်မံ၍ဖြစ်လိုလျှင် ဖြစ်ကြကုန်၏။ အထက်အထက်ဘုံသို့ တက်လိုလျှင် တက်ကြကုန်၏။

## "လောကုတ္တရာဘုံသူတွေ"

ဤနည်းအတိုင်းသာ ဘဝများစွာ,ကမ္ဘာများစွာသုဂတိသံသရာ၌၊ ကျင်လည်၍ သွားကြရကုန်၏။ ထိုသို့ သုဂတိသံသရာ၌ ကျင်လည်ကြရကုန်သော်လည်း၊ တပါးသော လူ,နတ်,ဗြဟ္မာ ပုထုဇ္ဇန်သတ္တဝါတို့ကဲ့သို့၊ သံသရာဝဋ်၌ နစ်သမားမဟုတ်ကြကုန်ပြီ။ မျောသမား မဟုတ်ကြကုန်ပြီ။ သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သည်မှစ၍၊ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,ဒုစ္စရိုက်,ဒုရာဇီဝအပါယဒုက္ခတို့၏။ ကျွတ်လွတ်မှုဟူသော သဉပါဒိသေသ နိဗ္ဗာန်တည်းဟူသော

လောကုတ္တရာ အဝတ္ထာဘုံကြီး၏ အတွင်းသို့ ဆိုက်ရောက်ကြပြီးကုန်၍ အရိယာဘုံသူ, အရိယာဘုံသားတွေအဖြစ်နှင့် ကျင်လည် ကြရကုန်၏။ လောကုတ္တရာ ဘုံသူတွေ, လောကုတ္တရာဘုံသားတွေ အဖြစ်နှင့် ကျင်လည်ကြရကုန်၏။

ထိုသို့ ကျင်လည်ကြလေကုန်ရာ–လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာတို့ကို ခံစားစံစား၍ အားရကြကုန်သောအခါ, အလိုမရှိကြကုန်သောအခါ, ငြီးငွေ့ကြကုန်သောအခါ, ခန္ဓာငါးပါးကို စွန့်ပစ်၍၊ **"အနုပါဒိသေသနိဗ္ဗာန်သို့"**ကူးကြလေကုန်၏။ ဤသို့လျှင် သောတာပတ္တိမဂ်သို့ ရောက်သောဘဝမှစ၍၊ အနုပါဒိသေသနိဗ္ဗာန်သို့ ကူးသည်တိုင်အောင် အပါယဒုက္ခအစရှိသော အောက်အောက်သောသံသရာအဘို့မှ အဆင့်ဆင့် ကျွတ်လွတ်၍၊ တဆင့်ထက်တဆင့် မြင့်သည်ထက်မြင့်ရာ မြတ်သည်ထက်မြတ်ရာသို့ ဖြောင့်မတ်စွာ ဆန်တက်၍ သွားလေတော့သည်။

ထို့ကြောင့်၊ ယခုအခါ ဒိဋ္ဌိဒုစ္စရိုက် အမိုက်တောကြီးအတိဖြစ်သော လောကီဘုံသူ, လောကီဘုံသား သံသရာဝဋ်သမားအဖြစ်မှ, ကျွတ်လွတ်၍ **"ဝိသာခါ အနာထပိဏ်"**တို့ကဲ့သို့ သဉပါဒိသေသနိဗ္ဗာန်တည်းဟူသော လောကုတ္တရာဘုံကြီး၏ အတွင်းသို့ ဆိုက်ရောက်၍ ထိုလောကုတ္တရာဘုံကြီးအတွင်း၌ လောကုတ္တရာဘုံသူ,လောကုတ္တရာဘုံသားအဖြစ်နှင့် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် လက်ကိုင်လက်စွဲအဖြစ်နှင့် ဘုံစဉ်စံအရိယာ လူဝိမ္ဘာမိုရ်, နတ်ဝိမ္ဘာမိုရ်,ဗြဟ္မာဝိမ္ဘာမိုရ်ဘဝနှင့် သံသရာ၌ နေထိုင်လို

ကြကုန်သော သူအပေါင်းတို့သည်။ မိမိတို့၏ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့၌ တခုခုသော ရုပ်ဓာတ်တို့၏ မမြဲသော သဘော,ဆင်းရဲသောသဘော,ငါမဟုတ်–သူမဟုတ်သော သဘောတို့ကို ဆရာကောင်းထံ နည်းနိသျ–ကျကျနနခံယူ လျက်ဦးခေါင်း၌ လောင်မီးတဟုန်းဟုန်း ကျလောင်၍ နေသောသူ, ရင်ဝ၌ ထက်လှစွာသော လှံမ,ကြီး စူးဝင်နေသော သူအား....ထိုမီးကို ငြိမ်းစေမှု, ထိုလှံမကို နှုတ်ပယ်ရန် အမှုမှတပါး ကိစ္စတခုပြုစလောက်သော အခွင့်မရှိသကဲ့သို့၊ ယခုအခါ၌လည်း မိမိတို့၏ စိတ်နှလုံး၌ အစဉ်ထာဝရ ကျလောင် စူးစိုက်ကာ ပါရှိနေသော သက္ကာယဒိဋ္ဌိ လောင်မီး, သက္ကာယဒိဋ္ဌိလှံမတို့ကို ပယ်ရှား၍၊ ဘုံစဉ်စံသော သောတာပန် အရိယာ ဖြစ်နိုင်ကြရန်၊ မိမိတို့၏ ရုပ်,နာမ် နှစ်ပါးတို့တွင် ပထဝီမြင်မှု, အာပေါမြင်မှု, ဝါယောမြင်မှု, တေဇောမြင်မှုဟု ဆိုအပ်သော ဝိပဿနာ ဓာတ်လေးပါး တရားတော်ကို ကြိုးစားလုပ်ကိုင်ကြရာသည်။

**“သောတာပန်ကွဲ.ရှစ်လုံးဘွဲ့.”**

* ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်။
ငြိမ်းနှုတ်ရေးထက်၊ ကြီးချက်အခေါင်။
ဒိဋ္ဌိရန်ကြီး၊ ဖျက်ဆီးရအောင်။
မြတ်ဘုရား၊ ဟောကြားခဲ့သည်မောင်။ ။

* ဒိဋ္ဌိကင်းတော့၊ လေးသင်းပါယ်ရွာ။
ဝဋ်ဓာတ်သိမ်းလို့၊ မယိမ်းသေချာ။
နိဗ္ဗာန်နန်းသို့၊ ဖြောင့်တန်းမှန်စွာ။
ဆန်တက်သော၊ သဘောမဂ်နာဝါ။ ။

သောတာပန်စစ်၊ ဖြစ်ပေါ့ဤတွင်။
ကာမဂုဏ်များ၊ ခံစားလျက်ပင်။
မဂ္ဂင်ဖောင်ကြီး၊ စီးလို့ပျော်ရွှင်။
ထာဝရ၊ ငြိမ်းကြပါယ်လေးခွင်။ ။

ဟူ၍ ပညာရှိတို့ စပ်ဆိုတော်မူကြသည်။

ယောဂီမျက်မှောက်ပြုရာ နိဗ္ဗာန်

သက္ကာရဒိဋ္ဌိကိုသတ်၍သောတာပတ္တိမဂ်ဖြင့်ပဌမဆုံး နိဗ္ဗာန်ကို မျက်မှောက် ပြုလိုသော ယောဂီပုဂ္ဂိုလ်သည်၊ ကိုယ်ခန္ဓာ၌ ရုပ်ဓာတ်တို့၏ ခဏမစဲ တသဲသဲဖောက်ပြန်မှု တို့ကို မျက်ခြေမပြတ် အနိစ္စအချက်, ဒုက္ခအချက်, အနတ္တ အချက်တို့ကို မိမိတို့ဉာဏ်အား စိုက်သလောက်ကိုယ်တွေ့ (ကာယဝိညာဏ်)ဖြင့် တွေ့မြင်ရသည်။ (ဝိပဿနာရှုမှတ်ပုံ အကျယ်ကို ကျွန်ုပ်တို့ ရေးသားအပ်သော "နိဗ္ဗာန်ပေါက် လမ်း–ဓာတ်ကမ္မဋ္ဌာန်း" စာအုပ်၌ ဖော်ပြခဲ့ပြီ)။

ဤသို့ ပဌမပထဝီဓာတ်, တေဇောဓာတ်, အာပေါဓာတ်, ဝါယောဓာတ်တို့ကို သူ့လက္ခဏာနှင့်သူ တွေ့နေရသော **"ဓာတ်ပေါ်"** အဆင့်အတန်းမှ–ဃနကွဲ၍ အာကာသ ခြားပြီးလျှင် ရွရွ,မွမွ,ဖြန်းဖြန်း,ဖြင်းဖြင်းစသော **"ကလာပ် ပေါ်"** အဆင့်အတန်း တွေ့ရသည်။ တဖန်သမာဓိရင့်သန် လာပြန်သောအခါ ထိုဓာတ်ပေါ်, ကလာပ်ပေါ်တို့ကိုပင် တရွရွ တရိပ်ရိပ်နှင့် ပျက်နေသောသဘော, နာကျင်ခံခက် ဆင်းရဲနက်သော သဘော, သူငါမစပ် သတ်သတ်သော သဘောများကို တွေ့ရသောအခါ **"ဉာဏ်ပေါ်"** ဟုဆို

သည်။ထိုသို့ မရပ်မနား ဒလစပ်ဖြစ်ပျက်၍နေသော သဘောတို့ကိုအလွန်တည်ငြိမ်စွာ ရှုမှတ်စူးစိုက် နေသော အခါ ရုပ်ဓာတ်တို့ သည်လည်း အပျက်မြန်သည်ထက် မြန်လာလေသည်။ ထိုအခါ ဝိပဿနာယောဂီသည် အခြားတပါးသို့ စိတ်မရောက်တော့ဘဲ သမာဓိသည်လည်း ငြိမ်သည်ထက် ငြိမ်လာပြီးလျှင် တစတစ အားဖြင့် ယောဂီ၏ ခန္ဓာကိုယ်သည် ဖြစ်ပျက်ရုပ်တို့ ချုပ်၍ချုပ်၍ လာတော့သည်။ ဤသို့ဖြင့် ခြေပျောက်,လက်ပျောက်, ကိုယ်တခြမ်းပျောက်, ကိုယ်တပိုင်းပျောက်, တကိုယ်လုံး ပျောက် ဖြစ်၍ ရုပ်ချုပ် သွားတတ်သည်။ တချို့လည်း ဤကဲ့သို့ အစဉ်အတိုင်း မဟုတ်ဘဲ ရုတ်တရက်တကိုယ်လုံး ချုပ်သွားသည်။ တချို့ လည်း တကိုယ်လုံးကျင်ပြီး အခိုးထွက်သလို တွေ့ရင်းက တကိုယ်လုံးချုပ်သွားသည်။ ဘယ်လိုချုပ်ချုပ် – ချုပ်သည်သာ ပဓာနတည်း။

" **အထူးသတိ** " ထိုသို့ ဖြစ်ပျက်ရုပ်တရားတို့ကို သိမှတ်၍နေသော နာမ်တရားကလေးသည်၊ မိမိသိစရာ ရုပ်တို့ချုပ်သွားသောကြောင့် သိစရာအာရုံတခုခု ရှာဖွေ တတ်သည်။ ထိုအခါတွင် ဩဘာသ, ပီတိ, ပဿဒ္ဓိ စသော ဝိပဿနာအန္တရာယ် ဆယ်ပါးတို့ လာတွေ့နေ တတ်သည်။ ပစ်ပယ်ရမည်။ ဤသို့မြင်ဘွယ်,သာယာဘွယ်,ခံစား ဘွယ်, နှစ်သက်ဘွယ်တို့ တွေ့နေက ဤနာမ်တရားကလေး မချုပ်တော့ ချေ။ သိကောင်းရာ၌ သိ၍နေလိမ့်မည်။ ဆိုခဲ့ သော အရောင်အလင်း, နှစ်သက်စရာတို့ကို နာမ်ကလေ

မကပ်ပါမှ, သိစရာအအရုံမရှိတော့သဖြင့် နာမ်တရားချုပ် လိမ့်မည်။ အထူးသတိထားကြပါ။ ဤနေရာတွင် နှစ်သက် နေတာပင် တချို့နိဗ္ဗာန်ဟု ယူဆနေကြသည်။ **“ ယံကိဉ္စိ ဝေဒယိတံ သဗ္ဗံတံ ဒုက္ခသ္မိံ ”** ဟူသော ဘုရားအဟောကို သတိထားကြဘို့ ကောင်းလေသည်။

ရုပ်ခါတ်တို့ ဖြစ်ပျက်ရပ်စဲ၍ ချုပ်သွားပြီးနောက် (သြဘာသစသော အန္တရာယ် ဆယ်ပါးမငြိမကပ်လျှင်) တမိနစ်ခန့်အချိန်အတွင်း နာမ်တရားကလေးသည် မှီရာ တည်ရာကင်းမဲ့သဖြင့် အလိုလိုချုပ်သွားလေသည်။ ဤကဲ့သို့ ရုပ်နှင့်နာမ်တို့ပြိုင်၍ ချုပ်သွားခြင်းကို ယောဂီ၏ဝိပဿနာ ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက် ပြုသည်ခေါ်ရလေသည်။ နာမ်တရားချုပ်သည်ဆိုရာ၌ စိတ္တက္ခဏ လေးငါးချက် လောက်သာ ဖြစ်၍ အချို့ကြာနေသည်မှာ ဖိုလ်ဇောတွေ ကျနေသောကြောင့် ဖြစ်သည်ဟု, ကျမ်းဂန်တို့၌ဆိုသည်။

ဤကား ယောဂီမျက်မှောက်ပြုသော နိဗ္ဗာန်၏သဘာဝ ယုတ္တိတည်း။

## “ နိဗ္ဗာန်၏အာဂမယုတ္တိ ”

(၁) “ပဝတ္တံသင်္ခါရံ, အပဝတ္တံနိဗ္ဗာနံ”။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ပဝတ္တံ၊ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်းပျက်ခြင်းသည် သင်္ခါရံ၊ သင်္ခါရမည်၏။ အပဝတ္တံ၊ ရုပ်နာမ်ခန္ဓာတို့၏ မဖြစ်ခြင်း, အဖြစ်ငြိမ်းခြင်းသည်။နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏ ဟူသော ဘုရား ဟောပါဠိတော်နှင့် ကိုက်ညီလှ၏။

(၂) ၎င်းပြင် ......"စတုန္နံ၊ လေးပါးကုန်သော၊ မဟာဘူတာနံ၊ မဟာဘုတ်ဓာတ်-ရုပ်ကလပ်တို့၏။ သမုဒယဋ္ဌ၊ ဖြစ်ခြင်းကိုရင်း။ အတ္ထင်္ဂမဋ္ဌ၊ ပျက်ခြင်းကိုရင်း။ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။အာဝုသော၊ ငါ့ရှင်။ ခေါ၊ စင်စစ်။ ဝေတ္တာဝတာ၊ ဤမျှလောက်သောအသိတရားဖြင့်။ ဘိက္ခုနော၊ ရဟန်းအား။ သုဝိသုဒ္ဓံ၊ ကောင်းစွာစင်ကြယ်သော နိဗ္ဗာန်ကို။ ဒဿနံ၊ မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ဟောတော်မူအပ်သောသဘောသို့လည်း တိုက်ရိုက်ရောက်သဖြင့် ကိုက်ညီလှ၏။

(၃) ၎င်းပြင် ......."တတောတွံဗာဟိယနေဝိဓ နဟုရံ ဥဘယမန္တရေန ဧသေဝန္တော ဒုက္ခဿ"။

(ဥဒါန်းပါဠိတော်)

ဗာဟိယ၊ ချစ်သားဗာဟိယ။ တတော၊ မြင်သော အဆင်း, ကြားသောအသံ, နံသောအနံ့, စားသော အရသာ, ထိသောအတွေ့, ကြံသိရသော သဘောအာရုံတို့၌ ကိလေသာ အလိုအားဖြင့် မတည်သောထိုအခါ၌။ တွံ၊ သင်သည်။ နေဝဣဓ၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော အတွင်းအာယတနတို့၌လည်း မရှိပြီ။ နဟုရံ၊ အဆင်း,အသံ, အနံ့, အရသာ, အတွေ့, သဘောဟူသော အပြင်အာယတနတို့၌ လည်းမရှိပြီ။ နဥဘယမန္တရေန၊အတွင်း,အပြင်အာယတန နှစ်မျိုးကိုကြဉ်၍ ဝိညာဏ် ၆-ပါး၊ စိတ် စေတသိက်တရာတို့၌လည်းမရှိပြီ။ ဧသေဝဧသော ဧဝ၊ ဤဒွါရ အာရုံ, စိတ်စေတသိက် တရားတို့၌သင်မရှိခြင်း, ဒွါရ, အာရုံစိတ်စေတ

သိတ်တို့၏ မထင်ပေါ်ခြင်းသည်ပင်လျှင်။ ဒုက္ခဿ၊ ဝဋ္ဋဒုက္ခ၏။အန္တော၊အဆုံးဖြစ်သောနိဗ္ဗာန်ပေတည်း။ ဤဘုရားဟောပါဠိတော်နှင့်လည်းယခု ရှိယောဂီတို့ အတွေ့နှင့် တထပ်တည်းညီလှ၏။

(၄) ၎င်းပြင်......ထိုပါဠိတော်ကိုထပ်၍ ဖွင့်ပြသော "ပေဋကောပဒေသအဋ္ဌကထာ" ၌ ......

"နေဝိဓာတိ၊ နေဝိဒဟူသည်ကား။ ဆသုဒ္ဒါရေသု၊ ၆-ပါးသောဒ္ဒါရတို့၌။ အတ္တာနံ၊ ကိုယ်ကို။ နေဝပဿတိ၊ မမြင်။ နဟုရန္တိ၊ နဟုရံဟူသည်ကား။ ဆသုအာရမ္မဏေသု၊ ၆-ပါးသောအာရုံတို့၌။. အတ္တာနံ၊ ကိုယ်ကို။ နပဿတိ၊ မမြင်။ နဥဘယမန္တေ ရေနာတိ၊ နဥဘယမန္တ ရေနဟူသည်ကား။ တေသံဒ္ဒါရာမ္မဏာနံ၊ ထိုဒ္ဒါရအာရုံနှစ်ပါးစုံတို့၏။ အန္တ ရေဝေမဇ္ဈေ၊ အလယ်အကြားဖြစ်သော။ ဝိထိစိတ္တုပ္ပါဒေပိ၊ ဝိထိစိတ္တုပ္ပါဒ်၌လည်း။ အတ္တာနံ၊ ကိုယ်ကို။ နမဿတိ၊ မမြင်။ ဧသေဝါတိ၊ ဧသေဝဟူသည်ကား။ တောဒိသော၊ ဤသို့သဘောရှိသော။ အဖဿိတဗ္ဗအတ္တတာဝေါဝ၊ မမြင်အပ်သောအတ္တဘောသည်သာလျှင်။ ဒုက္ခဿ၊ ဒုက္ခ၏။ အန္တော ပရိယောသာနံ၊ အဆုံးဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ က္လတိအယံ၊ ဤသည်ကား။ ဘဂဝတော၊ မြတ်စွာဘုရား၏။ အဓိပ္ပါယော၊ အလိုတော်တည်း။

ဤပါဠိတော်နှင့် အဋ္ဌကထာကိုထောက်၍၊ ဒ္ဒါရဟူသော ယောဂီ၏ **"အဇ္ဈတ္တိကာယတန"** ၆- ပါးချုပ်ပုံ၊ အာရုံဟူသော **"ဗာဟိရာတန"** ၆-ပါးချုပ်ပုံ၊ နာမ်တရား

ဖြစ်သော **"ဝိညာဏ်"** ၆– ပါးချုပ်ပုံတို့ကို ဖော်ပြတော်မူသည်မှာ အလွန်ရှင်းလှသည်။ မည်သည့်ပညတ်နိမိတ် တစုံတခုကိုမျှ လောကီစိတ်ဖြင့် မသိဟူသော အဓိပ္ပါယ်ရလေသည်။ ဤအထကထာ၌၊ ၆– ပါးသောအာရုံ, ဒွါရတို့၌ကိုယ်ကိုမမြင်–ဆိုရာ၊ အာရုံဒွါရတို့ကို "ကိုယ်"ဟူသောတလုံးတည်းဖြင့်ပြထားလေသည်။ စင်စစ်မှာမူ"စက္ခုဒွါရဖြင့်ရူပါရုံကို၊ သောတဒွါရဖြင့် သဒ္ဒါရုံကို" စသည်ဖြင့် သူ့ဒွါရနှင့်သူ့အာရုံကိုဆိုလိုသည်ဟု မှတ်ပါလေ။ ၎င်းအပြင် ဤဒွါရ, အာရုံနှစ်ပါးစုံတို့၏ အကြားဖြစ်သော ဝီထိစိတ်တို့၌ပင်ဘာမျှမမြင်, မသိဘူး– ဆိုထားရာ၊ အနုစိပ်အားဖြင့် "ဘာမျှမသိမမြင်ကြောင်း" သေချာသည်ထက် သေချာအောင်ပြဆိုထားသေးသည်။ (သို့သော်– ယောဂီ၌ ဤမျှမသိ, ဒွါရ, အာရုံတို့၌သာ ဘာမျှမသိမမြင်ကြောင်း ပင်သိရသည်။)

ဤသို့လျှင် လောက၌ ရှိတတ်သမျှသောအာရုံ၆–ပါးတို့ကို၊ အဘယ်ဒွါရက အဘယ်စိတ်နှင့်,မျှ မသိဘဲနေသည်ကိုနိဗ္ဗာန်ခေါ်ဆိုသည်ဟု, ဤပါဠိအဆုံး၌ ထပ်၍ပင်မိန့်ဆိုထားပေရာ။ ( အရောင်အလင်း အာရုံတစုံတခု၌ နှစ်သက်နေခြင်း, ခံစားနေခြင်း စသော တွယ်တာမှုတခုခုသည်၊ နာမ်တရားမချုပ်ကြောင်းကို သတိထားဘွယ်ရာ ဖြစ်လေသည်။) ပြဆိုခဲ့သော အဋ္ဌကထာ စကားသည်လည်း၊ တရားအားထုတ်နေသော ဝိပဿနာ ယောဂီတို့အဘို့အလွန်အားတက်ဘွယ်ရာ ညီညွတ်လေသည်။

(၅)၎င်းပြင် ....... ယခုဝိပဿနာရှုသော ယောဂီများ၌

ပဌမတွင် ခန္ဓာကိုယ်ထဲ၌ ပရမတ်ရုပ်ဓာတ်တို့၏ မဟာဘုတ်သဘောအတိုင်း၊ သူ့ကိစ္စနှင့်သူဖြစ်လိုက်ပျက်လိုက်နှင့် အဟုန်လျှင်စွာ ချုပ်ပျက်နေရင်းက ရုတ်တရက် ဖြစ်ပျက်အဆုံးသို့ရောက်၍၊ သံသရာလောကကြီးတခုလုံးကို သတိမရဘဲ ပညတ်အာရုံဟူသမျှ လွတ်၍ မေ့သွားခြင်းသည်။ လောကုတ္တရာစိတ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားခြင်းကြောင့်၊ မဂ်စိတ်, ဖိုလ်စိတ် ဖြစ်သည်ဟုဆိုရ၏။ မဂ်စိတ်, ဖိုလ်စိတ်ဖြစ်သည်နှင့်တပြိုင်နက်၊ မိမိခန္ဓာကိုယ်၌ ပြင်းပြလှစွာ မခံသာအောင် တွေ့နေရသော ဓာတ်သဘောသည် တခါတည်း ချုပ် ပျောက် သွားသည် ဖြစ်သောကြောင့်၊ **"တခါထဲ အေးသွားတာဘဲ, ဘယ်လို အေးမှန်းမသိဘူး"** စသည်ဖြင့် ဥပမာပြကြသည်။ စင်စစ်မှာမူ ပြင်းထန်စွာဖောက်ပြန်နေသော ရုပ်ဓာတ် ကလာပ်တို့သည် လွန်စွာပူလောင်နေရမှ ရုတ်တရက် ချုပ်သွားလေသောကြောင့်၊ အပူဒုက္ခတွေ မတွေ့ရတော့ဘဲ၊ အပူမှကင်းသွားသည်ကိုပင် **"အေးသွားသည်"** ဟု ခေါ်ခြင်းဖြစ်သည်။ အပူနေရာတွင် အေးဓာတ်ကြီး ရောက်လာသည်မဟုတ်။ ထို့ကြောင့် .........

"တဒမိဂမေဟိ-တံအဓိဂမေဟိ၊ ထိုမဖြစ် နိဗ္ဗာန်ကို မြင်ရသောသူတို့သည်။ သဗ္ဗဒုက္ခာဘာဝတော၊ အလုံးစုံသော ဖြစ်ပျက်မှု, ဒုက္ခမရှိလေသောကြောင့်။ ဒုက္ခဿ၊ ဖြစ်ပျက်ဒုက္ခ၏။ အန္တော၊ အဆုံးတည်း။ ဣတိအယမေဝ၊ ဤဖြစ်ပျက်ဒုက္ခဆုံးခြင်းသည်ပင်လျှင်။ တဿ၊ ထိုမဖြစ်နိဗ္ဗာန်၏

သဘောဝေါ၊ သဘောပေတည်း” ဟူသော “ဥဒါန်း အဋ္ဌကထာ” လာသည်နှင့်လည်း ညီညွတ်လှ၏။

(၆) ၎င်းပြင် ......“နိဗ္ဗာနံပန လောကုတ္တရ သင်္ခါတံ”

(အဘိဓမ္မတ္ထသင်္ဂဟ)

ဤပါဠိဖြင့် နိဗ္ဗာန်ဟူသည်၊ ကိလေသာ၏ အာရုံဖြစ်သော မည်သည့်ပညတ်နိမိတ်မျှ မရှိသော ပရမတ်အစစ်–လောကုတ္တရာဖြစ်ကြောင်း။ မြင်,ကြား,နံ,လျှက်, ထိ, သိ ဟူသောအတွင်းအာယတန ၆–ပါး၊ အဆင်း,အသံ,အနံ့, အရသာ, အတွေ့,အကြံဟူသော အပြင်အာယတန ၆–ပါး တို့နှင့်တကွ လောကီစိတ်ဖြင့် သိအပ်သော ဝိညာဏ် ၆–ပါးတို့ ချုပ်သွားသဖြင့်၊ လောကုတ္တရာအစစ်ဖြစ်ကြောင်း ပြဆိုထားရာ၊ လွန်စွာညီညွတ်လှ၏။

(၇) ၎င်းပြင် ...... “စတုမဂ္ဂဉာဏေန–သစ္ဆိကာတဗ္ဗံ၊ မဂ္ဂဖလာန–မာလမ္ဗဏဘူတံ” (အဘိဓမ္မတ္ထသင်္ဂဟ)

“စတုမဂ္ဂဉာဏေန၊ လေးပါးသောမဂ်ဉာဏ်ဖြင့်။ သစ္ဆိကာတဗ္ဗံ၊မျက်မှောက်ပြုအပ်ထသော။ မဂ္ဂဖလာနံ၊မဂ်ဖိုလ်တို့၏။ အာလမ္ဗဏဘူတံ၊ မှီရာတွယ်ရာ အာရုံဖြစ်၍ ဖြစ်ထသော ....... ” စကားတို့ဖြင့်၊ နိဗ္ဗာန်သည် မဂ်ဉာဏ်နှင့် ကွာလှသော ဗာလပုထုဇ္ဇန် သတ္တဝါတို့၏ အရာပင် မဟုတ်။ မဂ်ဉာဏ်ကိုရသော ပုဂ္ဂိုလ်တို့၏ အရသာဖြစ်ကြောင်း ပြဆိုတော်မူသည်။ သစ္ဆိကာတဗ္ဗံ၊ ပုဒ်အရအဘယ်သို့ မျက်မှောက်ပြုသနည်း ဆိုသော် ....... ကိုယ်တွေ့, ဉာဏ်မြင် နှစ်ပါးကိုပင် ဆိုသည်။

(၈) "ကာယေန အမတံ ဓာတုံ၊ဖုသိတွာန နိရူပဓိံ"

(ဣတိဝုတ်ပါဠိတော်)

"နိရူပဓိံ၊ ဥပဓိလေးပါးမှ ကင်းလွတ်သော။ အမတံ ဓာတုံ၊ အမြိုက် နိဗ္ဗာန် ဓာတ်ကို။ ကာယေန၊ ကိုယ်ဖြင့်။ ဖုသိတွာန၊ ဆိုက်တွေ့၍ ....." ဟုဟောတော်မူသောကြောင့် ရောက်အပ်,ရအပ်သော တရားနှင့် ပြည့်စုံသော ယောဂီ၌ အဖြစ်ငြိမ်းခြင်း, ဓာတ်သိမ်းခြင်းသဘောတို့ကို ကိုယ်တွေ့ သိမြင်လိမ့်မည်– ဆိုသော အတိုင်း၊ ကြိုးစားသူများ ခံစား ကြရလေပြီ။

(၉) ၎င်းပြင် ....."ပဟိတတ္တော သမာနော ကာယေန စေဝ ပရမံသစ္စံ သစ္ဆိကရောတိ၊ ပညာယစ တံ ပဋိဝိဇ္ဈ ပဿတိ" (မဇ္ဈိမပဏ္ဏာသ စင်္ကီသုတ်)

"ပဟိတတ္တော၊ စွန့်အပ်သော ကိုယ်စိတ်ရှိသည်။ သမာနော၊ဖြစ်သည်ရှိသော်။ ကာယေနစေဝ၊ ခန္ဓာပဥ္စက ကာယဖြင့်လည်း။ ဝါ၊ နာမကာယဖြင့်လည်း။ ပရမံသစ္စံ၊ အမြတ်ဆုံးဖြစ်သော နိရောဓ သစ္စာကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုရ၏။ ပညာယစ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်ဖြင့်လည်း။ တံ၊ ထိုနိရောဓ သစ္စာကို။ ပဋိဝိဇ္ဈ၊ ထိုးထွင်း၍၊ ပဿတိ၊ မြင်ရ၏။" ဤကား၊ ကိုယ်တွေ့ ဉာဏ်မြင်နှစ်ပါးကို ပြဆိုထားပေရာ ..... အလုပ်နှင့်ညီလှ၏။ **"ကိုယ်တိုင် သိရန်၊ ကိုယ်တိုင် ကြံ၊ သည်းခံ ကြိုးစား ကြည့်"** ဟူ၍သာ ကျွန်ုပ်တို့ တိုက်တွန်းလိုပေသည်။

(၁၀) ၎င်းပြင် "အနုကမ္ပကာဿ ကုသလဿ၊
ဩဝါဒမှိ အဟံ ဌိတာ။
အဇ္ဈဂါ အမတံ သန္တိံ၊
နိဗ္ဗာနံ ပဒ မစ္စုတံ။ (ဝိမာနဝတ္ထုပါဠိတော်)
"အဇ္ဈဂါ အဓိဂစ္ဆိံ" (၎င်းအဋ္ဌကထာ)

ဤကား ကျွန်ုပ်တို့နိဒါန်းပျိုးခဲ့သော ကျမ်းဦးအစ ဖော်ပြခဲ့သည့်အတိုင်း၊ သောတာပန် နတ်သမီး ကိုယ်တိုင် အရှင်မောဂ္ဂလာန်အား လျှောက်ထားအပ်သော ကိုယ်တွေ့သန္တိဌိကာ နိဗ္ဗာန်ပင်ဖြစ်ရာ၊ သောတာပန်ဖြစ်သော ပုဂ္ဂိုလ်တို့၌၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏ မိမိသန္တာန်၌ ချုပ်ငြိမ်းခြင်းကို၊ ကိုယ်တွေ့,ဉာဏ်တွေ့, အတွေ့ဟု ဆိုအပ်သော နှစ်မျိုးထင်ရှား ရှိပေသောကြောင့်၊ သဥပါဒိသေသ နိဗ္ဗာန်ဟု ဆိုအပ်သော ကိလေသ နိဗ္ဗာန်ကိုလည်းရ၏။ ရောက်၏။ အပါယ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှု, ခုနစ်ဘဝမှ အထက် အနမတဂ္ဂဘဝခန္ဓာ တို့၏ ချုပ်ငြိမ်းမှု, ဤခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည်၊ ကိလေသာချုပ်ငြိမ်းမှုနှင့် နှစ်ထွေမပြား တပါးတည်း တခုတည်းပင် ဖြစ်လေရကား၊ထိုခန္ဓာတို့၏ ချုပ်ငြိမ်းမှု အတွက်နှင့် ခန္ဓနိဗ္ဗာန်ကိုလည်း ရ၏။ ရောက်၏။ (ဤကား သောတာပန် အဖြစ်သို့ ရောက်လျှင်ပင် နိဗ္ဗာန်ရ, နိဗ္ဗာန်ရောက်ဆိုရသော သာဓက ပါဠိတို့လည်း၊ သကဒါဂါမ်, အနာဂါမ်တို့၌ ဆိုဘွယ်မရှိ။)

## သောတာပတ္တိမဂ်ခဏ၌

ချုပ်ငြိမ်းကြကုန်သော ကိလေသာတို့သည်လည်း ဘယ်အခါမှာ မြဲ၍လာလိမ့်ဦးမည်။ တဖန် ဖြစ်ပေါ်လာလိမ့်မည်ဟု မရှိပြီ၊ အဆုံးချုပ်ငြိမ်းကြလေကုန်၏။ အနုပါဒိသေသနိဗ္ဗာန်နှင့် တဆက်ထည်း, တပြင်ထည်း, တပေါင်းထည်း, တခုထည်း ဆက်လေတော့သည်။ ချုပ်ငြိမ်းမှုအတိုင်း အနမတဂ္ဂသံသရာနှင့်အမျှ အမြဲတည်လေတော့သည်။ ဘယ်အခါမှာ ချုပ်ငြိမ်းမှုမြဲပြန်၍၊ သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်လာပြန်သည်။ ဝိစိကိစ္ဆာဖြစ်ပေါ်လာပြန်သည်ဟု မရှိပြီ။ ထို့အတူ သောတာပတ္တိမဂ်ခဏ၌ ချုပ်ငြိမ်းကြကုန်သော အပါယဒုက္ခ, ဝဋ္ဋဒုက္ခတို့သည်လည်း၊ နောင်တဖန် ချုပ်ငြိမ်းမှု ပျက်ပြန်၍ ပေါ်လာပြန်သည်ဟု မရှိကုန်ပြီ။ ဤသို့သော ချုပ်ငြိမ်းခြင်းအခွင့်ကို ရခြင်းငှာ၊ ဘဝများစွာ, ကမ္ဘာများစွာ ပါရမီတရားတို့ကို ဖြည့်ကျင့်၍ လာရသည်။ တဘဝနှင့်လည်း မရနိုင်သေး, မရောက်မပေါက်နိုင်သေး။ နှစ်ဘဝနှင့်လည်း မရနိုင်သေး, မရောက်မပေါက်နိုင်သေး။ ဘဝများစွာကြာလှ၍ သောတာပတ္တိမဂ်ကို ရမှ, ရနိုင်လေသည်။ သောတာပတ္တိမဂ်သို့ ရောက်မှ, ရောက်နိုင်လေသည်။

ထို့ကြောင့်၊ "နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အဘိသမယ ဝဂ် သုတ်ပေါင်း တဆယ်တွင် ပဌမသုတ်၌"
"ဧဝံမဟတ္ထိကော ခေါ ဘိက္ခဝေ ဓမ္မာဘိ သမယော ဧဝံမဟတ္ထိကော ဓမ္မစက္ခု ပဋိလာဘော" ဟု
ဟောတော်မူသည်။

ဘိက္ခဝေ၊ ချစ်သားတို့။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းအမှုသည်။ ဧဝံမဟိဒ္ဓိကော၊ သို့စဉ်မျှလောက် တန်ခိုးကြီးလှ၏။ ဓမ္မစက္ခု ပဋိလာဘော၊ သောတာပတ္တိမဂ်ဉာဏ်ဟူသော ဓမ္မစက္ခုကို ရခြင်းအမှုသည်။ ဧဝံမဟိဒ္ဓိကော၊ သို့စဉ်မျှလောက် တန်ခိုးကြီးလှ၏။ ဤသို့လျှင် သက္ကာယဒိဋ္ဌိသေ၍ သောတာပန်ဖြစ်သည်နှင့်တပြိုင်နက်။ သောတာပန်ပုဂ္ဂိုလ်သည် ရအပ်, ရောက်အပ်သော အနမတဂ္ဂ အနာဂတ် ဝဋ္ဋဒုက္ခ ငြိမ်းခြင်းဟူသော အကျိုးကို ဟောတော်မူ၏။ ထိုငြိမ်းခြင်းအကျိုးသည် ပရမတ္ထ အသင်္ခတနိဗ္ဗာနသဘော မဟာနိဗ္ဗာန်ကြီးပင်တည်း။ ထိုအနမတဂ္ဂ အနာဂတ် ဝဋ္ဋဒုက္ခ ငြိမ်းခြင်းသည်။ ထိုပုဂ္ဂိုလ်မှာ ဆိုက်ရောက်လာသော ငြိမ်းခြင်းပင်ဖြစ်၏။ ဘဝများစွာ, ကမ္ဘာများစွာ ပါရမီတို့ကို ဖြည့်ကျင့်၍ လာခဲ့သောသူသည်၊ ထိုအခါမှ မိမိ၏ စိတ်သန္တာန်မှာ သက္ကာယဒိဋ္ဌိအစရှိသော ကိလေသာအချို့တို့၏ ချုပ်ငြိမ်းခြင်းကို ရလေ၏။ ရောက်လေ၏။ ငါသည် ဤမည်သော ကိလေသာတို့၏ ငြိမ်းခြင်းကို ရပေပြီ, ရောက်ပေပြီ၊ ဤမျှလောက်သော ဝဋ္ဋဒုက္ခတို့၏ ချုပ်ငြိမ်းခြင်းကို ရပေပြီ၊ ရောက်ပေပြီဟု, အတုမရှိ ကြီးမြတ်သော ပီတိသောမနဿကို ဖြစ်စေ၍ နေရလေ၏။

ဆိုအပ်ခဲ့ပြီးသော စကားအစဉ်တို့ဖြင့်၊ သောတာပန်တို့ ရအပ်, ရောက်အပ်သောအကြင်နိဗ္ဗာန် ဟူသော လောကုတ္တရာ သန္တိသဘောသည်။ ဧကန်-ကိုယ်တွေ့ရရှိနိုင်ကြောင်း၊ ကျနသေချာသော ပါဠိတော်, အဋ္ဌကထာ များစွာပင်ရှိသော၏။

ရေးလျှင် အလွန်ကျယ်ဝန်းမည်ဖြစ်၍၊ ဤမျှဖြင့် တော်သင့်ပြီ၊ တကယ် ရလို, ရောက်လို,မျက်မှောက်ပြုလိုသော ပုဂ္ဂိုလ်များသည်။ သံသရာ့ စီးပွါးဖြစ်သော နေမှု, ထိုင်မှု, စားသောက်ပျော်ပါးမှုတို့နှင့် အချိန်မကုန်စေဘဲ၊ သမ္မပ္ပဓာန် လုံ့လဝီရိယထုတ်၍ ကြိုးစားကြကုန်ရာသတည်း။

[ ဤကား ......ကျွန်ုပ်တို့၏ ကျေးဇူးရှင် အစစ်ဖြစ်ကြီးဖြစ်တော်မူကြသော "လယ်တီဆရာတော် ဘုရားကြီး, ဦးတိက္ခိန္ဒြိယဆရာတော်, မင်းကွန်းဆရာတော်, ဉာဏာစာရီ ဆရာတော်, အင်းစိန်မင်းကွန်းဆရာတော်, ဦးဝါယမဆရာတော်, ဆရာကြီး–ဆရာသက်, လက်ပံတန်း–သဒ္ဓမ္မပါလ ဆရာတော်, သရက်တောတိုက်–မြို့မိဆရာတော် တို့၏။ နိဗ္ဗာန် အဆုံးအဖြတ် ဝါဒတော်များကို ဖော်ပြခဲ့သော ကိုယ်တွေ့နှင့် ကိုက်ညီစွာ ဆုံးဖြတ်အပ်သော အတိုချုပ် သင်္ခေပနိဗ္ဗာန်တည်း။ ]

## ဝိပဿနာ နှင့် ဒါနသီလ

"ဝိပဿနာဆရာတော်တို့နှင့် ဝိပဿနာ တရား အားထုတ်သူတို့သည်၊ ဒါနကိုပယ်သည်" ဟူသောစကားမှာ မြန်မာပြည်နှင့်တကွ ရှမ်းပြည်၌ပင် တစတစပျံ့နှံ့၍ စွပ်စွဲလာကြလေသည်။ သို့ဖြစ်၍ ..... ဤစာအုပ်၌၊ ဝိပဿနာ၏တန်ဘိုး၊ ဒါန၏ တန်ဘိုးတို့ကို နှိုင်းယှဉ်၍ ချင့်ချိန်နိုင်ကြရန်၊ ဝိပဿနာ ဆရာတို့၏ ထားအပ်သောစေတနာသည်။ အဘယ်မျှ မြင့်မြတ်ကြောင်း ကောင်းကောင်းသိကြရအောင် ဘုရားဟော

ပါဠိတော်ရင်းနှင့် ထိုထိုသော ကျမ်းဂန်တို့ အလိုကို ဖော်ပြ၍ ကျွန်ုပ်တို့၏ အာဘော်ကို နောက်၌ဘော်ပြလတ္တံ့။

## နိဗ္ဗာန်ခရီး လမ်းမကြီး

"ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ၊ အယံ ဝိပဿနာ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ"

(ဤကား ဘုရားဟောအစစ် သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ အသင်္ခတမှန် မြတ်နိဗ္ဗာန်ကို ကေန်လိုလား အိုချစ်သားတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတဓာတ်မှန် ပြည်နိဗ္ဗာန်သို့ ကေန်ရောက်ကြောင်း ကောင်းမွန်မြင့်မြတ်သော တရားဟူသည်။ ကတမောစ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ အိုချစ်သားတို့။ အယံဝိပဿနာ၊ ဤပရမတ်ရုပ်နာမ်တရားမှန်ကို ကေန်ဆတ်ဆတ် သိမြင်အောင် ရှုမှတ်သော ဝိပဿနာအလုပ်တခုထည်းသောလမ်းမကြီးဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုပညတ်သမုတ်အပ်၏။

**အဓိပ္ပါယ်ကား** ...... ချစ်သားတို့ နိဗ္ဗာန်သွားရန် လမ်းသည်။ ဤတခုထည်းသော ဝိပဿနာသာဖြစ်၍၊ နိဗ္ဗာန်သို့ ရလို, ရောက်လိုသူတိုင်း။ "ဤလမ်းသို့သွား၊ ဤဝိပဿနာကို လုပ်" ဟူသတည်း။

" **မုချတရား, ပရိယာယ်တရား** " မြတ်စွာဘုရားသည်၊ သတ္တဝါဝေနေယျတို့အတွက် တရားနှစ်မျိုးဟောခဲ့

သည် မှန်၏။ မင်လေးပါး, ဖိုလ်လေးပါး,နိဗ္ဗာန်–ဤကိုးပါး သော တရားတော်သည်။ နိဗ္ဗာန်သို့ တိုက်ရိုက် ရောက်နိုင် သောကြောင့်။ (ဝိပဿနာသည်) မုချတရားမည်၏။

ဒါန–သီလ–သမထတရားတို့သည်။ နိဗ္ဗာန်ကို ရည်မှန်း၍ ဝိဝဋ္ဋဖြစ်အောင်လုပ်သော ဒါနပြုခြင်း, သီလစောင့်ခြင်း, ဥပုသ်သုံးခြင်း, ပန်းနံ့သာစသည် ပူဇော်ခြင်း, ဈာန်ကိုဖြစ်စေခြင်း, တရားနာခြင်း, တရားဟောခြင်း စသည်တို့ကား– ပရိယာယ် တရားမည်၏။ (ဤ၌လည်း ဝိဝဋ္ဋဖြစ်ပါမှ, ပရိယာယ်တရား၌ပါဝင်မည်။ ယခုအချို့သောဒါနဆရာတို့ ဟောသလို–လူစည်းစိမ်, နတ်စည်းစိမ်ယစ်ပြီး ဝဋ်ဆင်းရဲ၌ နစ်ချင်နေအောင် ဟောမှုကား – ပရိယာယ်တရားပင် မဟုတ်။ ပရိယာယ်တရားကား ..... ဝဋ်မှ ထွက်မြောက်၍ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ဝိပဿနာသမားများပြု သော ဒါနမျိုးတည်း။)

**ထို့ကြောင့်** "ဓမ္မော ဒုဝိဓော နိပ္ပရိယာယဓမ္မော
ပရိယာယ ဓမ္မောတိ။ (ဋ္ဌကတိဝုတ်အဋ္ဌကထာ)

ဓမ္မော၊ တရားသည်။ နိပ္ပရိယာယဓမ္မော၊ မင်ဖိုလ်, နိဗ္ဗာန်သို့ တိုက်ရိုက်ရောက်သော ဝိပဿနာဟူသော မုချတရားလည်းတပါး။ ပရိယာယဓမ္မော၊ ဝိပဿနာ၏ အထောက်အပံ့ ဖြစ်စေတတ်သော ပရိယာယ် တရားလည်း တပါး။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ ဟု, လာရှိပေရာ စဉ်းစားဝေဖန်၍ ယူကြလေကုန်။

## “ ဝိပဿနာဆရာတို့ ဒါနကိုမပယ်၊ ဝဋ္ဋဆင်းရဲကို ပယ်သည် ”

ဝိပဿနာဆရာတို့ကား–ပါရမီဒါနဖြစ်သော ဝိဝဋ္ဋမှုကို တိုက်တွန်းကြသည်၊ ဟောပြောကြသည်၊ မည်သည့် ဝိပဿနာဆရာမှ–ပါရမီဒါနကို မပယ်ကြ၊ အချို့သော ဒါန ဟောဆရာတို့ကဲ့သို့ ဒါနဆိုပြီးရော၊ သောကောရောကော မလုပ်ကြပေ။ ဒါနဆရာတို့ကဲ့သို့လည်း၊ လူ့စည်းစိမ်, နတ် စည်းစိမ်, ဗြဟ္မာ့စည်းစိမ်ကြီးတွေ ယစ်ပြီး၊ သံသရာထဲမှာ တဝဲဝဲလည်အောင်လည်း မဟောကြ, မမြှောက်ပေးကြ၊ ထိုစည်းစိမ်တို့သည် မတောင့်တအပ်ကြောင်း, ဝဋ္ဋဆင်းရဲ ဖြစ်ကြောင်းကိုကား၊ ပြင်းပြင်းထန်ထန်ဟောသည်။ ပြုလုပ် ဘို့ တိုက်လည်းမတိုက်တွန်းကြ၊ ဘုရားရှင်ဟောတော်မူ ချက်ကို အကြွင်းမရှိ ယုံကြည်ကြပြီး ဖြစ်သည်။ ဘုရားဟော ထုတ်ပြဦးအံ့။

“ ကတမာစ ဘိက္ခဝေ မိစ္ဆာပဋိပဒါ၊
အဝိဇ္ဇာပစ္စယာ သင်္ခါရာ ”

(သံယုတ်ပါဠိတော် မိစ္ဆာပဋိပဒါသုတ်)

ဘိက္ခဝေ၊ ချစ်သားတို့။ ကတမာစ၊ အဘယ်သို့ ပြော ဟောပြုကျင့်ခြင်းသည်လျှင်။ မိစ္ဆာပဋိပဒါ၊ မှားသော ပြော ဟော ပြုကျင့်ခြင်း မည်သနည်း။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာ တုံး အမိုက်ဖုံး၍၊ အမိုက်တုံး, အမိုက်ခဲ, အမိုက်မွဲ ယောင် ယမ်းပညာကန်း၍ ဘာမှန်းမသိလေခြင်းကြောင့်။ သင်္ခါရာ၊

ဖြုလိုရာ ပြုမိ ပါရမီမျိုးစေ့အဖြစ်သို့ မဆိုက်မထိသော ဝဋ္ဋနိဿိတကုသိုလ်, အကုသိုလ်သင်္ခါရတို့တည်း။ ဤကဲ့သို့ ပါရမီမျိုးစေ့ မဟုတ်သော ဝဋ္ဋနိဿိတမျိုးဖြစ်သည့် ဒါန,သီလ,သမာထမျိုးတို့ကို ပြုလုပ်ဟောပြောပါမူ။ ဉာဏဝိပ္ပယုတ်ကုသိုလ်မျိုးသာ ဖြစ်သောကြောင့်၊ သာသနာတော်ခေတ်ဝယ်–ကောင်းသော ဟောပြော, ပြုကျင့်မှုမျိုး မဟုတ်ဟုဆိုသည်။ ဝိဝဋ္ဋအဖြစ် နိဗ္ဗာန်သို့ တောင့်တလျှက်ပြုသော ဒါနမျိုး, ဉာဏသမ္ပယုတ် ပညာပါသော ကုသိုလ်မျိုးသာ မိစ္ဆာပဋိပဒါမှ လွတ်ဖွယ်ရှိသည်၊ သတိပြုကြလေ။

ရင်းပြင် .....“ယံ ဟိ ကိဉ္စိ ဘဝတ္တယ သင်္ခါတံ ဝဋ္ဋံ

ပတ္ထေတွာ ပဝတ္တိတံ အန္တမသော ပဉ္စာဘိညာ, အဋ္ဌဝါပနသမာပတ္တိယော၊ သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသီသန္တိ၊ ဝဋ္ဋသီသတ္တာ မိစ္ဆာ ပဋိပဒါဝ ဟောတိ”

(သံယုတ်ပါဠိတော် မိစ္ဆာပဋိပဒါသုတ် အဋ္ဌကထာ)

ဟိသစ္စံ၊ ထိုစကားမှန်၏။ ဘဝတ္တယသင်္ခါတံ၊ ဘဝသုံးပါးဟု ဆိုအပ်သော။ ဝဋ္ဋံ၊ တေဘူမက ဝဋ် ဒုက္ခကို။ ပတ္ထေတွာ၊ သာယာခင်မက်နှစ်သက် တောင့်တ၍၊ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော၊ မြတ်ထွင်ရှုလွန်ဖုံး– အထက်ဆုံးအားဖြင့်။ ပဉ္စာဘိညာ၊ ကုသိုလ်အဘိညာဉ်ငါးပါးတို့သော်လည်းဖြစ်သော။ အဋ္ဌဝါပနသမာပတ္တိယော၊ သမာပတ် ရှစ်ပါးတို့သည် မူလည်းဖြစ်သော။ ယံကိဉ္စိ၊ အကြင်အမှတ်မရှိ တစုံတခုသော ကံသည်။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊

ထိုအလုံးစုံသော ကံသည်။ ဝဋ္ဋပက္ခိယံ၊ ဝဋ်၏ အသင်းအပင်း–ဝဋ်ဆင်းရဲ၏ ဘက်သားတည်း။ဝဋ္ဋသိသံ၊ ဝဋ်ဆင်းရဲ၏ အကြောင်း, ဝဋ်ဦးခေါင်းနှင့် အလားတူ၏။ဣတိ တသ္မာ–ဝဋ္ဋသီသတ္တာ၊ ထိုဝဋ်၏အကြောင်း, ဝဋ်ဦးခေါင်း ဖြစ်သောကြောင့်။ မိစ္ဆာပဋိပဒါဝ၊ လမ်းမှားလမ်းလွဲသော ပြောခြင်း, ဟောခြင်း, ပြုကျင့်ခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ လူ့စည်းစိမ်, နတ်စည်းစိမ်,ဗြဟ္မာ့စည်းစိမ်ဟု ဆိုအပ်သော ဘဝဝင့်သုံးပါးကို တောင့်တ၍ပြုသော ဉာဏဝိပ္ပယုတ်ကုသိုလ်မျိုးသည်။ အထက်ဆုံးအားဖြင့်၊ အဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါးရစေကာမူ။ ဝဋ်ဆင်းရဲ၏ ဦးခေါင်း ဝဋ်ဆင်းရဲ၏ ဘက်သားသာဖြစ်သောကြောင့်၊ ဤကဲ့သို့ ကုသိုလ်မျိုးကို ပြောဟော, ပြုကျင့်, တိုက်တွန်းခြင်းသည်။ မှားသော, လွဲသော ဟောခြင်း, ပြုခြင်းဖြစ်သော "မိစ္ဆာပဋိပဒါ" ဖြစ်၏ဟု ဆိုတော်မူသည်။ သည်ကို ရည်၍၊ **"* ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြိမ်း၊ စည်းစိမ်သွင်းကို၊ ချမ်းသာအတိ၊ အထင်ငြိလျက်၊ ဂတိနောင်ကို၊ ကောင်းဆေလိုဟု၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊ အာနေ့ဥ္ဟု၊ ဘဝနီးရင်း၊ ပွါးတုံလျှင်းသည်၊ ဝဋ်ခင်းဝဋ်နွယ် ရှည်သတည်း"** ဟု ကျေးနူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး စပ်ဆိုတော်မူသည်။

(ဤကား ဘုရားဟောသော မိစ္ဆာပဋိပဒါသုတ်မှ ထုတ်ဆိုရာ၊ အလိုရှိသူများ "သံယုတ်ပါဠိတော် မိစ္ဆာပဋိပဒါ

သုတ်နှင့် ၎င်းအဋ္ဌကထာတွင် ကြည့်ပါ။ အလွယ်တကူသိလို သူတို့ ကြောင်ပန်းဆရာတော် စီရင်တော်မူသော "ဝိဝဋ္ဋ ဒီပနီကျမ်း–နံပါတ်–၁၈–၁၉–၂၀–တွင်" ကြည့်တော်မူကြ လေကုန်–ဤမှုအတိုင်း တွေ့နိုင်သည်။)

၎င်းပြင် မြတ်ဘုရားသည်၊ သတ္တဝါ ဝေနေယျ၊ များ ဗိုလ်ခြေတို့အား၊ ဘဝတည်းဟူသော သံသရာဝဋ်မှ လွတ် ထွက်၍ နိဗ္ဗာန်သို့ချည်း ရောက်တော်မူစေလိုသော အာသာ ဆန္ဒတော် မဟာကရုဏာတော် ရှိသဖြင့်၊ လူ့ဘဝ, နတ် ဘဝ, ဗြဟ္မာ့ဘဝဟူသော ဘဝသုံးပါးသည်၊ မီးကျီးတွင်း သုံးတွင်းနှင့် ပမာတူကြောင်း, မလိုလားအပ်ကြောင်း, ဘဝ ဆိုလျှင် ဘယ်ဘဝဘဲဖြစ်ဖြစ်– အောက်ထစ်ဆုံး– မျက် တောင်တခတ်, လျှပ်တပြက်, လက်ဖျစ်တတွက်မျှပင် ဖြစ် ကြခြင်းကို မနှစ်သက်ကြောင်း .....

"သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ၊ ဧဝမေဝခေါ အဟံ ဘိက္ခဝေ အပ္ပမတ္တကမ္ပိ ဘဝံ နဝဏ္ဏေမိ၊အန္တမ သော အစ္ဆရာသင်္ဃာတ မတ္တံပိ။" ဟုမိန့်တော်မူ၏။

(ဘုရားဟောအင်္ဂုတ္တရ ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ အပ္ပမတ္တကောပိ၊ အနည်းငယ်မျှ သော်လည်းဖြစ်သော။ ဂူထော၊ မစင်ကျင်ကြီးသည်။ ဒုဂ္ဂန္ဓော၊ မကောင်းသော အနံ့ရှိသည်။ ဟောတိ သေယျထာပိ၊ ဖြစ် သကဲ့သို့။ ဧဝမေဝခေါ၊ ဤအတူလျှင်။ အပ္ပမတ္တကမ္ပိ၊ နည်း ငယ်တိုလျှ မကြာလှသည်လည်း ဖြစ်သော။ အန္တမသော။ ယုတ်ညံ့ဖျင်းသုံး အောက်ထစ်ဆုံးအားဖြင့်။ အစ္ဆရာ

သယ်ာတမတ္တံပိ၊ မျက်တောင်တခတ်–လျှပ်တပြက်–လက်ဖျစ်တတွက်ကာလ တခဏမျှသော်လည်း ဖြစ်သော။ ဘဝံ၊ ဘဝ၌ဖြစ်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ နဝဏ္ဏေမိ၊ချီးမွမ်းတော်မမူ။

ဘုရားရှင် အလိုတော်ကိုကြည့်လော့ ..... ဘုရားရှင် သည် သတ္တဝါ အများတို့အား ရဟန္တာချည်း ဖြစ်သည်ကို နှစ်သက်တော်မူ၏။ မတတ်နိုင်လျှင်– အနာဂါမ်၊ မတတ်နိုင်လျှင်–သကဒါဂါမ်၊ မတတ်နိုင်လျှင်– သောတာပန်၊ မတတ်နိုင်လျှင် အနည်းဆုံး–စူဠသောတာပန်, ကလျာဏပုထုဇ္ဇန်ဖြစ်စေ၍ သံသရာဘဝမှ ထွက်မြောက်စေလို၏။ သံသရာဘဝသည် ဆင်းရဲလှ၏။ သက္ကာယဒိဋ္ဌိ မသေသမျှ ဘဝ သံသရာ၌ နစ်ချင်တိုင်း နစ်မည်ကို သနားတော်မူလှသော မဟာကရုဏာတော်ဖြင့် တတ်နိုင်လျှင် တဘဝထည်းနှင့် ဘဝမဖြစ်ရာ နိဗ္ဗာန်သို့ရောက်စေတော်မူလိုသော ဘုရားရှင် အလိုတော်နှင့်– လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝတို့ကိုပြ၍ ဟောကြသော အချို့ဒါနဟောဆရာတို့အလိုသည်၊ မည်မျှ လောက် ဖီလာဆန့်ကျင်နေသည်ကို နှိုင်းယှဉ်ကြည့်လိုသော ပုဂ္ဂိုလ်များ အလွယ်တကူသိရန် (ကြောင်ပန်းဆရာတော် စီရင်တော်မူသော “ဝိပဿနာဒီပနီ” အမှတ်–၁၀၉–တွင် ကြည့်ပါ။)

ထို့ကြောင့် ကာမ, ရူပ, အရူပဟူသောဘဝသုံးပါးကို၊ မီးကျီးတွင်း သုံးတွင်းနှင့် ပမာတူသည် ဟူ၍၎င်း, ရာနှစ် တံကျင်, သံတံကျင်, ရွှေတံကျင်တို့နှင့် တူသည်ဟူ၍၎င်း။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အကျယ်မိန့်ဆိုတော်မူ၏။ ထို့ကြောင့်

သာသနာပ, အခါကာလမှ ပြုကြရသော မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် လေးခုနှင့် ပြုပြုသမျှသော ကုသလ ကမ္မ ပထတရား, ပုည ကြိယာဆယ်ပါးကို၊ သာသနာ တော်အခါများ၌၊ ကောင်းသောတရားဟု, **"ပြောမှား, ဟောမှား, ပြုကျင့်မှား"** သော သူများသည်၊ မီးကျီးတွင်း သုံးတွင်းသို့ ဆင်းသောသူ, ရှားနှစ်တံကျင်, သံတံကျင်, ရွှေ တံကျင် သုံးချောင်း၏ အချွန်ဝသို့၊ ခုန်ချသော သူတို့သည်။ သေရခြင်းဆင်းရဲသို့ ရောက်ကြရသည်ချည်းသာ ဖြစ်သကဲ့ သို့၊ ထိုအတူဘဝသုံးပါးကို ရကုန်သောသူတို့သည်။ ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသော ဘေးဒုက္ခတို့နှင့် တွေ့ကြုံကြရ သည်ချည်းသာ ဖြစ်သောကြောင့် ...... "ဝိသုဒ္ဓိမဂ်အဋ္ဌ ကထာ"၌-

"ဗာလော ကရောတိ သင်္ခါရေ၊
တိဝိဓေ ဒုက္ခဟေတုကေ။
တသ္မာ သတိ အဝိဇ္ဇာယ၊
ဘာဝတော ပစ္စယော မတော"။ ။
ဟု မိန့်အပ်ပြီ။

ဗာလော၊မိုက်,မည်းသည်းထန် ပုထုဇ္ဇနံသည်။ ဒုက္ခ ဟေတုကေ၊ ဒုက္ခ၏ အကြောင်းဖြစ်ကုန်သော။ တိဝိဓေ၊ သုံးပါးအပြားရှိကုန်သော။ သင်္ခါရေ၊ အကုသိုလ်ဆယ်ပါး, ပုညကြိယာဆယ်ပါး, မဟဂ္ဂုတ် ကုသိုလ်ကိုးပါး- ဤနှစ် ဆယ့်ကိုးပါး၊ သင်္ခါရတရားတို့ကို။ ကရောတိ၊ ပြောဟော ပြုကျင့်မိမှား၏။ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ မှောင်လုံးမှောင်ခဲကြီးသည်။ သတိ၊ လေးမဂ်ဉာဏ်ဖြင့်မပယ်

မလှန် သန္တာဝန်ဝယ်ရှိသေးလတ်သော်။ ဘာဝတော၊ အကုသလ ကမ္မပထ တရားဆယ်ပါး, ပုညကြိယာ ဆယ်ပါး, မဟဂ္ဂုတ်ကုသိုလ် ကိုးပါး ဖြစ်ပွါးခြင်းကြောင့်။ ပစ္စယော၊ ကျေးဇူးပြု၏ဟူ၍။ မတော၊ သိအပ်၏။ဟု တိုက်ရိုက်ပြဆိုသော စကားများဖြစ်၍၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ကြလေကုန်။ ၎င်းပြင် "လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော ဥတ္တမပုရိသဒီပနီကျမ်း၊ အမှတ်–၂၀၇။ ဗုဒ္ဓပွါဒဒုလ္လဘအခဏ်း" ၌ ......

"ဘုရားပွင့်ရာ သာသနာနှင့် ကြုံကြိုက်ခဲသည်"

ဟူရာ၌၊ အဘယ်တရားအတွက်နှင့် ဆိုပါသနည်း။ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာကို ရရာရကြောင်းဖြစ်သော ဒါနတရား, သီလတရား, ဘာဝနာတရားများအတွက်နှင့် ဆိုပါသလော ...... ဘုရားသာသနာ အစစ်ဖြစ်သော ဗောဓိပက္ခိယတရား ၃၇–ပါးအတွက်နှင့်ဆိုပါသလော ...... ဒါန, သီလ, ဘာဝနာ သာမညများသည်၊ ကမ္ဘာ့တန်းဆာဓမ္မတာတရားစုဖြစ်သည်။ ဘုရားမပွင့်သော သုညကမ္ဘာတို့မှာလည်း၊ လူ, နတ်, ဗြဟ္မာကမ္ဘာနှင့် အပြည့်ရှိကြသည်ပင်၊ ဘုရားမပွင့်ရာ စကြာဝဠာ အနန္တတို့မှာလည်း၊ လူ, နတ်,ဗြဟ္မာ စကြာဝဠာနှင့် အပြည့်အပြည့် ရှိကြသည်ပင်၊ ထိုလူ, နတ်, ဗြဟ္မာ တို့သည်လည်း၊ အလေ့ပေါက်မဟုတ်ကြ၊ ဒါန, သီလ, ဘာဝနာနှင့် ဖြစ်ကြရသည်။

ထို့ကြောင့် ဗောဓိပက္ခိယတရား ၃၇–ပါး ဟူသော ဘုရားသာသနာ အစစ်အတွက်နှင့် ဆိုပေသည်ဟု, သိအပ်

သည်။ ။ အချို့သူတို့ကား အထုံဝါသနာ,ပါရမီ ဗီဇဖြစ်ကြရသည်ကိုပင် အားရအံ့ချီးအကျိုးကြီးပြုလုပ်၍ပြောဟောကြကုန်၏။ ဗောဓိပက္ခိယအနှစ်အမြစ်မပါ, အကာအပွေးမျှသာ ဖြစ်သော အထုံဝါသနာ ပါရမီဗီဇ – သာမည များသည်။ သာသနာပသို့ရောက်သောအခါ၊ မိစ္ဆာဒိဋ္ဌိတချက်လောက် ငြိလျှင်ပင်၊ လွင့်စင်ပြယ်ပျောက်၍ ဝဋ္ဋာနုသာရီ မဟာပုထုဇ္ဇန် အနေ သံသရာ့တစ္ဆေ, သံသရာ့မြေဘုတ်, မြုတ်မြဲမျောမြဲ တလဲလဲသာဖြစ်ရာ၏။

"တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊
သမ္ပဿံ အတ္ထ မတ္တနော။
သာသနံ အနုယုဉ္ဇေယျ၊
ဒိဋ္ဌာ ဗောဓိပဒေသကံ။ ။

တသ္မာဟိ၊ ထို့ကြောင့်လျှင်။ ပဏ္ဍိတော၊ ပညာရှိသော။ ပေါသော၊ ယောကျ်ား ပြီသသူသည်။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ နောင်အလောင်းအလျာ ပါရမီညာဉ်၊ အစဉ်ခြေမြစ် အနှစ်ရဲရဲ၊ အကယ်မြဲ၍ သွားရန်အကျိုးကို။ သမ္ပဿံ၊ ကောင်းစွာ မြော်မြင်လျက်။ ဗောဓိပဒေသကံ၊ သုံးဖြာဗောဓိ– ဝိဝဋ္ဋဓမ္မ လိုတိုင်းရသော ဗောဓိပဒေသာပင်ကြီးကို။ ဒိဋ္ဌာ၊ တွေ့ကြုံရ၍။ သာသနံ၊ သဗ္ဗညုမြတ်စွာ သာသနာ အနှစ် အစစ်ကေန် တကယ်မှန်သော သတိပဋ္ဌာန် ၄–ပါး၊ သမ္မပ္ပဓာန် ၄–ပါး၊ ဣဒ္ဓိပါဒ် ၄–ပါး၊ ဣန္ဒြေ ၅–ပါး၊ ဗိုလ်၅–ပါး ဗောဇ္ဈင် ၇–ပါး၊ မဂ္ဂင် ၈–ပါးဟူသော ဗောဓိပက္ခိယတရားများကို။ အနုယုဉ္ဇေယျ၊ အားထုတ်ရာသတည်း။ (မူအတိုင်း ကူးထည့်လိုက်သည်။)

ဘို့အပြင် ...... "ဥတ္တမပုရိသဒီပနီ" နံပါတ်–၁၉၇–၌ပင် ဤသို့ပြဆိုသေး၏ ......

"ထိုသို့ဖြစ်လေသောကြောင့်ပင်လျှင် အနမတဂ္ဂသံသရာမှာအပါယ်လေးပါးမှ လွတ်ရန် ကုသိုလ်မှုကို အားထုတ်ခဲ့သော ဘဝပေါင်းလည်း အနန္တရှိခဲ့လုပြီ၊ လူ့ဘဝကိုရခဲ့သောဘဝ ပေါင်းလည်း အနန္တ ရှိ ခဲ့ကြပြီ၊ နတ်ပြည် ၆–ထပ် နတ်ခန္ဓာကို ရခဲ့သော ဘဝပေါင်းလည်း အနန္တ ရှိခဲ့ကြပြီ၊ ဗြဟ္မာဖြစ်ခဲ့သော ဘဝပေါင်းလည်း အနန္တ ရှိခဲ့ကြပြီ၊ထိုကုသိုလ် ထိုခန္ဓာတို့သည် ယခု အဏုမြူမျှ မရှိ၊ အိပ်မက်မက်ဘို့မျှ ရာကြ၍ မရပြီ၊ ယခုလည်းအပါယ်ဘေး တန်းလန်းပင်၊ ပင်ပန်းခဲ့သမျှ အချည်းနှီးနယ် ကြီးကျယ်လေစွ၊ ဤသို့လျှင် ဒုက္ခကို မုန်းကြရိုးအမှန်ဖြစ်ပါလျက် ဒုက္ခအချက်ကိုကား မသိနိုင်ကြသည့် အတွက်ကြောင့် ပြုခဲ့သမျှသော ဒါနအနန္တ တို့သည်လည်း ဒုက္ခမီးစာဖြစ်၍ ကုန်ဆုံးခဲ့လေကုန်၏။သီလမှုအနန္တတို့သည်လည်း၊ ဒုက္ခမီးစာဖြစ်၍ကုန်ဆုံးခဲ့လေကုန်၏။ ဘာဝနာမှု အနန္တတို့သည်လည်း၊ ဒုက္ခမီးစာဖြစ်၍ ကုန်ဆုံးခဲ့လေကုန်၏။ ယခုဘဝလည်း ဒုက္ခအချက်ကို မသိခဲ့လျှင်၊ နေ့ရှိသမျှ နေ့နေ့ညည ပင်ပမ်းရသော သင်္ခါရမှု, ဒါနမှု, သီလမှု, ဘာဝနာမှုတို့သည် ဒုက္ခမီးစာဘို့သာ ဖြစ်ကုန်လတ္တံ့။ သုခအစစ် သုခအမှန်ဆိုသည်ကား– ထိုဇရာမရဏဘေး ကျွတ်လွတ်မှု တခုတည်းသာ သုခအစစ်၊ သုခအမှန်ဖြစ်သတည်း။"

၎င်းအပြင် ထိုကျမ်းနံပါတ် ၂၀၁– တွင်ကြည့်ဦးလော့ (မူအတိုင်းကူးရေးလိုက်သည်။)

**"ဝိဇ္ဇာမှု"** ဆိုသည်ကား–ပြဆိုခဲ့ပြီးသော သတ္တကောသလ္လဌာနတို့၌၊ ဖြစ်ပွါးသောသမ္မာဒိဋ္ဌိမှုတည်း။ မြေခါတ်ကိုပေါက်အောင်ကြည့်မှု, ရေခါတ်ကိုပေါက်အောင်ကြည့်မှု, မီးခါတ်ကိုပေါက်အောင်ကြည့်မှု, လေခါတ်ကိုပေါက်အောင်ကြည့်မှု စသည်ကို "ဝိဇ္ဇာမှု"ဆိုသည်။

**"အဝိဇ္ဇာမှု"** ဆိုသည်ကား–အနမတဂ္ဂ သံသရာ၌၊ မိမိ၏ အဇ္ဈတ္တ မြေခါတ်, ရေခါတ်, မီးခါတ် စသည်တို့၌၊ အစဉ်ထာဝရ အမြဲကျ၍ လာခဲ့သော စိတ်မှောင်ကြီးသည်ရှိ၏။ ထိုမှောင်ကြီးအတိုင်းနှင့် ဘဝဆက်တိုင်း ပြုမြဲတိုင်းသော လူ့အမှု, လူ့ကိစ္စ၊ ရှင့်အမှု,ရှင့်ကိစ္စ၊ ဒါနမှု,သီလမှု, ဖြစ်တတ်ရာရာ ဘာဝနာမှု, ပရိယတ်,ပဋိပတ်,ဒုစရိုက်မှု, သုစရိုက်မှု, ခံစားမှု, စံစားမှုစုသည် **"အဝိဇ္ဇာမှု"** ချည်းသာတည်း။ အဝိဇ္ဇာမှု ဟူသမျှသည်၊ (အဝိဇ္ဇာပစ္စယာသင်္ခါရာ။ လ။ ဇရာမရဏံ ဟူသော ဒေသနာတော်အတိုင်း) ဇရာမရဏအုပ်ချုပ်သော ဒုက္ခသစ္စာသို့ သွားသော အနမတဂ္ဂသံသရာ မဟာလမ်းမတော်ကြီး ဖြစ်သတည်း။

**"ဝိဇ္ဇာမှုမှာကား"** ယခုသဗ္ဗညုသာသနာနှင့် တွေ့ကြုံသောအခါ၌ ထိုအဝိဇ္ဇာကိုသတ်၍၊ ထိုအဝိဇ္ဇာနေရာမှာ ဝိဇ္ဇာဖြစ်အောင် ထူထောင်ရသော အလုပ်ပေတည်း။ ထိုဝိဇ္ဇာမှုသည်ကား (အဝိဇ္ဇာနိရောဓာ။ လ။ ဇရာမရဏနိရောဓာ ဟူသော ဒေသနာတော်အတိုင်း) ဇရာမရဏ ကျွတ်လွတ်ရာ သုခ သစ္စာ သို့သွားသော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ အနမတဂ္ဂသံသရာမှ ကျွတ်လွတ်ကြ

သောနိဿရဏ လမ်းမတော်ကြီးတည်း။ ဤကား–ဒုက္ခသစ္စာသို့သွားသော လမ်းမတော်ကြီး၊ သုခသစ္စာသို့ သွားသောလမ်းမတော်ကြီးဟူ၍ –စုန်လမ်း,ဆန်လမ်း နှစ်ပါးကို ခြားနား၍ပြဆိုသော စကားတည်း။ ဝိဇ္ဇာလမ်းမှာ ခန္ဓာငါးပါးကို ပြဆိုသည်ကား အလွန်များလွန်းကျယ်လွန်း၏။ မြေ,ရေ,မီး,လေ,စိတ်၊ ဤဓာတ် ၅–လုံးပေါက်လျှင်ပင်ပြီးတော့သည်။"

(ဤကား–မူအတိုင်းပင်။ငှင်းအပြင်–ထိုကျမ်းနံပါတ် ၂၁၄–မှ,အဆုံးအထိ၊လယ်တီဆရာတော်ဘုရားကြီးပင်စီရင်တော်မူသော "ပဋိစ္စသမုပ္ပါဒဒီပနီ"၊ နံပါတ်၁၄၉ မှ ၂၁၈–အထိငှင်း၊ဝိဇ္ဇာမဂ္ဂဒီပနီ၊ လက္ခဏာဒီပနီ၊အနတ္တဒီပနီ၊ဘာဝနာဒီပနီ၊ပရမတ္ထဒီပနီဋီကာကြီးတို့၌ ငှင်း၊ ဤမှုမက–လေးနက်သော သဘောတို့ကိုပြဆိုတော်မူသေး၏။ သေသေချာချာ သဘောမှန်ကို သိလိုသူတို့ ရှာဖွေ၍ ယူကြပါကုန်–ကျမ်းလေးမည်စိုး၍ ချွင်းခဲ့အံ့။)

ငှင်းပြင်–ကျွန်ုပ်တို့၏ကျေးဇူးရှင်ဆရာ ဉာဏစာဂီမဟာထေရ် (ယခု–နိုင်ငံတော်ကမ္မဋ္ဌာနာ–စရိယဆရာတော်) စီရင်တော်မူသော "မဂ်၏ရှေ့တော်ပြေးကျမ်း နှင့် သဘာဝဓမ္မ မှန်ပြကျမ်း" အစမှ နံပါတ်၂၃–အထိ၊ရှာဖွေကြည့်ကြပါ၊ မိမိတို့ကိုယ်ရေးကို၊ ကိုယ်တိုင်ဝေဖန်၍ သိရလတ္တံ့၊ ဒါနတရား,သီလတရားပယ်သည်–ဘာဖြစ်သည်–ပြောနေမည့်အစား တကယ်ပေါက်ရောက်လိုသော သူတို့သည်

အမြင်မှန်ရ၍ ပေါက်ရောက်ရန်၊ တကယ့်အလုပ်စခန်းနှင့် ပေါက်ရောက်ပြီးသော ဆရာတော်အသီးသီးတို့၏ စာအုပ် အသီးသီးတို့ကို ရှာဖွေကြည့်ရှုဝေဖန်နိုင်ကြရန် ညွှန်ကြား အပ်ပါသည်။ ဤမျှနှင့်မကုန်သေး၊ သို့ပေမင့်–အရေးကြီး သောဝိဇ္ဇာမှု–ဝိပဿနာကို သာကျွန်ုပ်တို့များများညွှန်ကြား ပြသတော့မည်ဖြစ်သတည်း။

++++++++++

# နိဂုံးချုပ်

## ကျွန်ုပ်တို့ယုံကြည်ချက်–အာဘော်

“ဝိပဿနာဆရာတို့ဒါနပယ်သည်”ဆိုသောအမှတ်မဲ့ နားထောင်ခဲ့သူထံမှ,ကြားရသောဒါနဟောဆရာတို့သည် အရမ်းမဲ့ မယုံကြည်သေးဘဲ စုံစမ်းသင့်၏။ ဝိပဿနာ ဆရာတို့ကား၊ဒါနကိုမပယ်ရုံသာမဟုတ်။ ဒါနဟောဆရာ တို့–မြှုတ်ထားခဲ့သောနိဗ္ဗာန်ကိုပင်ပြ၍ ဝိဝဋ္ဋဖြစ်အောင် အမွှန်းတင်ပေး၏။ ချယ်လှယ်ပေး၏။ ဉာဏသမ္ပယုတ် ဖြစ်၍ အကျိုးကြီးအောင်သင်ပြပေး၏။ ၎င်းပြင်ဒါနဟော ဆရာတို့ပင်မလှူဝံ့သောခန္ဓာကိုယ်နှင့်အသက်ကို တရား အားထုတ်တိုင်း–မလှုပ်မယှက်လှူဒါန်းရ၏။ ဤဒါနကိုဘယ် လိုဆိုမည်နည်း။ ဒါနသည် သံသရာ မလည်ကြောင်း သက္ကာယဒိဋ္ဌိဆိုသော ငါကသာလည်ကြောင်း။ သက္ကာယ ဒိဋ္ဌိ ဖြုတ်၍ ဉာဏ သမ္ပယုတ် ပညာနှင့် တွဲလှူရခြင်း

သည် “ **နိဗ္ဗာနမိဝဗီဇကံ** ” ဆိုသောအတိုင်း၊ ညောင်စေ့လောက်လျှ ညောင်ပင်ကြီးလောက်ရအောင်–လျှ တတ်ဘို့လည်း သင်ကြားလျက်ရှိနေသည်။

ထို့ကြောင့် . . . * ဒါနသီလာ၊သံသရာ၊လယ်တာဘယ်မရှိ။
* ကုသိုလ်ပြုရာ၊ငါကပါ၊ငါသာလယ်လေ၏။

ဟူ၍၎င်း

* “ဒါန,သီလ၊သမထဆိုတာ။
ပညာကင်းလို့ ဝဋ်တွင်းလယ်ရှာ။
ဒီလိုတဲ့လား၊ဒို့များသိလာ။
ပညာတွဲ၊အမြဲလျှတော့မှာ။ ” ။

ဆိုသောဆောင်ပုဒ်များကား၊ဒါနဟောဆရာတို့ သင်ပေးသောဆောင်ပုဒ်မဟုတ်။ ဝိပဿနာဆရာများ၏ ဆောင်ပုဒ်များသာဖြစ်သည်။ ဤသဘောကိုကြည့်သောအားဖြင့်၊ သတ္တဝါဝေဏေတို့ အပေါ် ဝိပဿနာဆရာတို့ထားအပ်သောစေတနာသည်။ သံသရာမလယ်အောင်ဒါနပြုနည်း။ သက္ကာယဒိဋ္ဌိဖြုတ်နည်း တို့ကိုသာ ညွှန်ကြား ဆုံးမသောသဘောများဖြစ်၍၊ ဘုရားရှင်၏ အကြိုက်ချည်းသာ ဖြစ်သည်။ ဝိပဿနာဆရာတို့၏ စေတနာရင်းကိုလည်း မသိဘဲ၊ လူပြောသူပြောနှင့်နားထောင်၍၊ဒါနဆိုသော တလုံးကို ထိလျှင်ပင် ဆတ်ဆတ်ခါ နာတတ်သော အချို့ဒါနဟော ဆရာတို့ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော စေတနာကို ပယ်၍ ဝိဝဋ္ဋဖြစ်သောနိဗ္ဗာန်ရောက် ဒါနမျိုးဟောကြားနိုင် ကြပါစေဟု စေတနာကောင်းနှင့် တောင်းပန်လိုက်ရပါသတည်း။

## " ကျွန်ုပ်တို့စေတနာ "

ကျွန်ုပ်တို့သည်အချို့ ဒါနဟောဆရာတို့ကဲ့သို့ **"များများလှူနိုင်မှ, များများကုသိုလ်ရသည်, အကျိုးကြီးသည်'** ဟူသောဟောပြောချက်မျိုးမဟုတ်၊ နိဗ္ဗာန်သို့စေလွှတ်အပ်သော ဝိဝဋ္ဋစေတနာနှင့်ဆိုလျှင် **"ဖယောင်းတတိုင်,ပန်းတပွင့်,ရေတခွက်,ဟင်းရွက်တဆုပ်"မှ** စ၍ ဒါနတို့တွင် အမြတ်ဆုံးသော ဝိပဿနာ ပညာပါသော "စိတ္တာလင်္ကာရဒါန" အဖြစ်သို့ရောက်အောင်, လှူပုံလှူနည်းသင်ထားချေသေး၏။

ထို့ကြောင့်– "သံယုတ်အဋ္ဌကထာ" ၌ ......

"ဣဒံမေဒါနံ အာသဝက္ခယာဝဟံဟောတူတိ ဧဝံပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာပဋ္ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိဒါတုံသက္ကောတိယေဝ၊အရဟတ္တံ အပ္ပတ္တာ ပရိယောသာနံ နဂစ္ဆတိ" ဟူ၍ မိန့်တော်မူသော အတိုင်း ......

မည်မျှလောက် သေးငယ်သော ပစ္စည်းဝတ္ထုပင်ဖြစ်စေ။ "ဤကောင်းမှုကြောင့်အာသဝေါလေးတန် ကုန်ခမ်းရာမှန်သောနိဗ္ဗာန်သို့ ရောက်ရပါလို၏" ဟု စေတနာထားတတ်လျှင် ပြီးတော့သည်။ ဤသို့စေတနာထား၍ လှူလျှင် ပန်းတပွင့်ပင်ဖြစ်စေ– မဂ်, ဖိုလ်, နိဗ္ဗာန်သို့မရောက်ဘဲ၊ ဤဒါနအကျိုးမပြီးဆုံးကြောင်း မဂ်ဖိုလ်နိဗ္ဗာန်သို့ ပို့တော့သည်သာတည်း။ ထိုသို့ ဝဋ်ဆင်းရဲမှ လွတ်အောင်ဟော

ပြောပြုကျင့်မှသာ ဘုရားရှင်အကြိုက် ဟောပြောပြုကျင့် သည်မည်ကြောင်းကား ......

"ကထမာစ ဘိက္ခဝေ သမ္မာပဋိပဒါ၊ အဝိဇ္ဇာ
ယတွေ့ဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရော
ဓော" ဟုသံယုတ်ပါဠိတော်သမ္မာပဋိပဒါသုတ်တွင်
ဘုရားရှင်ဟောတော်မူပြီ ။

"ချစ်သားတို့၊ဘယ်လိုပြောဟောပြုကျင့်မှ၊ မှန်ကန်သောဟောခြင်း,ပြောခြင်း,ပြုခြင်းမည်သနည်း။ ခန္ဓာနာမ်ရုပ်တို့တွင် ရုပ်နာမ်မှန်းမသိအောင်ဖုန်းအုပ်ကွယ်ကာထားသော အဝိဇ္ဇာချုပ်–ဒိဋ္ဌိပြုတ်အောင်လုပ်၍၊ ထိုအဝိဇ္ဇာပြုတ်လျှင်–လူ့ဘဝ,နတ်ဘဝ,ဗြဟ္မာ့ဘဝတို့ကိုပေးတတ်သောကုသိုလ် သင်္ခါရကံမျိုး, အကုသိုလ် သင်္ခါရကံမျိုးပြုတ်မည်"...... ဤကဲ့သို့ ပြောဟောပြုကျင့်မှ,ဘုရားကြိုက်သောမှန်ကန်သောလမ်းဖြစ်၍၊ ဝဋ်ကင်းရာနိဗ္ဗာန်ကိုမှီသောလမ်းဖြစ်ကြောင်းကို ......

"ယံပနကိဉ္စိဝိဝဋ္ဋံနိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ
အန္တမသော ဥဠုင်္ကယာဂုဒါနမ္ပိ ပဏ္ဏမုဋ္ဌိဒါနမတ္တမ္ပိ
သဗ္ဗံ တံ ဝိဝဋ္ဋနိဿိတံ ဝိဝဋ္ဋပက္ခိကန္တိ၊ ဝိဝဋ္ဋ
ပက္ခိကတ္တာ သမ္မာပဋိပဒါဝ ဟောတိ"ဟူ၍ သမ္မာပဋိပဒါသုတ်အဋ္ဌကထာ၌ နိဗ္ဗာန်သို့ ရောက်စေတတ်သောဒါနကို –

**"ယာဂုတဇွန်း, ဟင်းရွက်တဆုပ်"** လှူပြသွားပုံကို ထောက်၍ ကျွန်ုပ်တို့သည်လည်း၊ ဘုရားသာသနာတော်

တွင်းဘုရားမကြိုက်သောအလုပ်မျိုးကို တတ်နိုင်သမျှ ပယ်ရလိမ့်မည်။ ဘုရားကြိုက်သောအလုပ်ကိုကား စွမ်းနိုင်သမျှ မိမိလည်းလုပ်၍၊ ဘုရားအယူရှိသော ဗုဒ္ဓဘာသာတိုင်းအားလည်း ညွှန်ကြားပြသပေးဘို့ ဝတ္တရားကား ဘုရားရှင်၏ ကျေးဇူးတော်အနန္တရှိကြသူ မှန်သမျှတို့၏ အလုပ်သာဖြစ်၍၊ ဝဋ်ဆင်းရဲ ဖြစ်စေမည့် လူ့ဘဝ,နတ်ဘဝ,ဗြဟ္မာ့ဘဝတို့ကိုကား၊ အားမပေးနိုင်, မချီးမြှောက်နိုင်ကြောင်းကို သူတော်ကောင်းတို့သိစေအပ်ပါသတည်း။

✦✦✦✦✦✦✦✦✦✦

## " နိဂုံး "

(၁) သောတာပန်လမ်း၊ ဤသည့်ကျမ်း၊ဆုံးခမ်းတိုင်ရောက်ပြီ။

(၂) ဒါနပယ်၊ဝဋ်ကိုပယ်၊အကျယ်ပြခဲ့ပြီ။

(၃) အမြင်မှန်ကို၊ ရစေလို ၊ ဖွင့်ဆိုရေးလိုက်သည်။

(၄) ဤစာရေးရ၊ ကုသလ၊ ဘဝစက်တိုင်းသည်။

(၅) နေ့လအရောင်၊ပညာပြောင်၊ လင်းအောင်
ဆုတောင်းသည်။

(၆) ဝိပဿနာ၊သာသနာ၊မှန်စွာပြုစုမည်။

(၇) ခုဘဝပင်၊နိဗ္ဗာန်မြင်၊ရောက်ချင်ပါတော့သည်။

(၈) သုံးဆဲ့တဝ၊ ဘုံဌာန၊ဘာမျှမကောင်းပြီ။

(၉) ဘဝပြတ်မှ၊နိဗ္ဗာန၊မုချရောက်လိမ့်မည်။

(၁၀) များစွာဝေနော၊ တပည့်တွေ၊ ရောက်စေနိဗ္ဗာန်ပြည်။

(၁၁) လူ့အားဉာဏ်အား၊ပညာအား၊ကြိုးစားပြုရသည်။

(၁၂) သာသနာပြု၊ မြတ်ကောင်းမှု၊ တောင်းဆုပေးဝေမည်။

(၁၃) မိဘနှစ်ပါး၊ဆရာအား၊ ပေးဝေအစတည်။

(၁၄) သုံးခဲ့တဘုံ၊ အလုံးစုံ၊ အကုန်ပေးဝေသည်။
(၁၅) ကုသိုလ်အမျှ၊ရကုန်ကြ၊ အေးမြစေရမည်။
(၁၆) ချမ်းသာပါစေ၊ ကျမ်းမာစေ၊ ပေးဝေပါတော့သည်။
(၁၇) ထောင့်သုံးရာစု၊ ဆဲ့လေးခု၊ ဥတုဝဿန်မှီ။
(၁၈) ဤစာပြီးရ၊ ဝါခေါင်လ၊ ဘယမရှိပြီ ။ ။

ဆရာကြီးဦးကြည် (အသောက)
၁၃၁၄-ခု၊ ဝါခေါင်လပြည့်ကျော် ၇-ရက်။

21.10.2002

✦✦✦✦✦✦✦✦✦✦

# "အသောကာရာမဝိပဿနာတိုက် ဆောင်ပုဒ်များ"

## ● သတိသံဝေ,ရကြစေ

❒ သုံးဘဝ၊ ဆုံးမ,သိနားလယ်၊ ဒီဘဝ၊ ဒီကမြင်ရမယ်။

❒ ရှင်သေမင်း–စစ်ခင်းပြိုင်လို့ရယ်၊ ယောဂီက –နိုင်ရပါတော့မယ်။

❒ ခန္ဓာထဲ–ရုပ်ဘဲနာမ်ဘဲရယ်၊ကိုယ်တိုင်တွေ့– ငြီးငွေ့ပါလိမ့်မယ်။

❒ အပါယ်ဘေး–ကြောက်သေးရင်ဖြင့်ကွယ်၊ ဓာတ်တရား၊ပွါးများ ပါတော့မယ်။

## ● ရုပ်နာမ်မြင်မှ,အကျိုးရ

❒ တောင့်တင်း, နှ,မာ၊ကိုယ်ခန္ဓာ၊ ရုပ်သာဧကန်ဖြစ်တော့သည်။

❒ ဘောက်ပြန်သမျှ၊ ရုပ်ဖြစ်ကြ၊ သိကနာမ်ပင်မှန်တော့သည်။

❒ နှစ်ပါးရုပ်နာမ်၊ဖယ်ထားပြန်၊ ငါကားဘယ်နားကျန်လေသည်။

❒ ငါကားမရှိ၊ နာမ်ရုပ်ရှိ၊ အသိမှန်လျှင်၊ဒိဋ္ဌိစင်၊ ရုပ်နာမ်မြင်မှ၊ ဧကန္တ– ဒါမှနိဗ္ဗာန်ရ။

❒ ပူ,အေးတွေ့တာ၊ တေဇောပါ၊ ရုပ်သာဧကန်ဖြစ်တော့သည်။

❒ ယိမ်းယိုင်လှုပ်ရှား၊ ဖေါက်ပြန်ငြား၊ ဝါယောရုပ်သားဖြစ်တော့ သည်။

❒ ယိုစီးဖွဲ့စည်း၊အာပေါမှီး၊ရုပ်ကြီးဧကန်ဖြစ်တော့သည်။( အထက် ကအတိုင်းဆို )

## ● ဗုဒ္ဓသာသနာ့,မြတ်ဝါဒ

(၁)ဗုဒ္ဓသာသနာရောင်ဝါထွန်းလို့၊ ပြောင်ကာရွှန်းဘို့ဒို့ကြံစည်။
ကယားပြည်နယ် လွယ်ကော်မြို့မှာ–တကယ်နှော် မချို့ဘို့ တည်ထွင်ပြီ။
အခြေကျအောင်ယောဂီများကစမ္မေသနအဖွဲ့ခေါ်လေသည်။
ရှင်တော်ဘုရား၊ ဝါဒများ၊ လိုက်စားကြရမည်။
အဲဒါမှ–ဗုဒ္ဓသာသနာ့ဝါဒ ခေါ်ပါသည်။

(၂) ဗုဒ္ဓဘာသာခေါ်ရုံမျှနဲ့- မတော်ကြဘူးထင်ပါသည်။
မိမိကိုယ်တိုင် သဘာဝကို-ကျကျ,န,န,သိသင့်ပြီ။
လုပ်ရိုးလုပ်စဉ်ဟူသမျှနှင့်-အယူအဆပါတွေးကြံစည်။
ကျင့်စဉ်ကိုဘဲ၊ စိတ်မှာစွဲ၊ အမြဲလုပ်ရမည်။
အဲဒါမှ-ဗုဒ္ဓသာသနာ့ ဝါဒခေါ်ပါသည်။ ။

(၃) သာသနာ့အကျိုးဆောင် ဆရာကြည့်ကတော့- ဗမာပြည်က လာပါသည်။
ကယားပြည်မှာ သာသာနာလင်းအောင် အရာရာမယွင်းဘဲ ရွက်ဆောင်သည်။
ပဋိပတ်ဆိုတာအလုပ်တရားကွဲ့-အဟုတ်မနားဘဲလုပ်ရမည်။
ဒို့တာဝန်ကြီး၊ ဒို့ဦးစီး၊ အပြီးကျင့်ဆောင်မည်။
အဲဒါမှ-ဗုဒ္ဓသာသနာ့ ဝါဒခေါ်ပါသည်။

(၄) သာသနာတဝက်စခမ်းမှာ-ဖြောင့်ဖြောင့်တန်း၍ချီတက်မည်။
သူတလူငါတမင်းနဲ့-ငြင်းနေကြလို့မတော်ပြီ။
ဒို့လူတတွေ စာရိတ္တ-ပြုပြင်ကြစို့အချိန်မှီ။
ဘာသာတရား၊ ဆိုသည်များ၊ လိုက်စားကြရမည်။
အဲဒါမှ-ဗုဒ္ဓသာသနာ့ ဝါဒခေါ်ပါသည်။ ။

(၅) ဘာသာအပေါ်မှာ အထင်မသေးအောင်-ယဉ်ကျေးကြစို့ ဒို့ညီညီ။
တခြားဘာသာကေန်မေးရင်-အဖြေမှန်ပေးဘို့ရှိရမည်။
နိဗ္ဗာန်ဆိုတာ-ဘာသာခြားမှာ-ရှာမထားလို့မရှိပါသည်။
တကယ်ပါဘဲ၊ ခန္ဓာထဲ၊ ရှာလဲတွေ့ရမည်။
အဲဒါမှ-ဗုဒ္ဓသာသနာ့ ဝါဒခေါ်ပါသည်။

(၆) ဝိပဿနာကိုယ့်အကျိုးကွဲ့-ဒို့မငြိုးဘဲဆောင်ရွက်မည်။
အပါယ်လေးပါးဟာ တံခါးပိတ်အောင် တရားစိတ်နဲ့ နေတော့မည်။
ဆင်းရဲဆိုတာ ဒိဋ္ဌိခေတ်ဆိုးလိုအပြစ်အမျိုးမျိုးပျောက်ရမည်။
ဘုံစဉ်စံပြီး၊ နိဗ္ဗာန်ကြီး၊ ခရီးရောက်နိုင်သည်။
အဲဒါမှ-ဗုဒ္ဓသာသနာ့ ဝါဒခေါ်ပါသည်။

(၇) အပါယ်ပို့တာ သက္ကာယကွဲ့-ခက်ပါလှတဲ့ဒိဋ္ဌိမည်။
သူ့ကိုနိုင်အောင် ဓာတ်တရားနဲ့-မရပ်မနားဘဲသတ်ရမည်။
တေ,ပ,ဝါ,အာ- လေးဖြာဓာတ်တို့- အေးရာအရပ်သို့ ပို့ဆောင်ပြီ။
ရုပ်နာမ်ကိုဘဲ၊ ဖြစ်ပျက်လဲ၊ အမြဲတွေ့ရမည်။
အဲဒါမှ-ဗုဒ္ဓသာသနာ့ ဝါဒခေါ်ပါသည်။ ။

## ● ဆရာ့ဝါဒ,လိုက်နာမှ

(၁) ကိုယ့်ဝန်ကိုသာ-ကိုယ်ဟာထမ်းလို့၊လိုရာစခမ်းသို့သွားရမည်။
သူများအပြစ်ကိုဘာမရှုနဲ့- ဘာဝနာအမှုဒ္ဓိစိတ်တည်ကြည်။
နေ့စဉ်မှန်မှန် ကျောင်းကိုသွားလို့- တရားတွေ့ဘို့လုပ်ရမည်။
သာသနာအရေး၊ ကိုယ့်အရေး၊ မျှော်တွေးစိတ်ကြံစည်။
အဲဒါမှ-ဆရာ့ဝါဒမမှဒိဋ္ဌာန်မည်။ ။

(၂) အတ္တသမံပေမံနတ္ထိ၊ ကျမ်းလာပါဋ္ဌိရှိလေသည်။
ကိုယ့်ထက်ချစ်သူဘယ်မရှိလို့၊ တကယ်တိတိမှတ်ရမည်။
မိမိကိုယ်ကို တကယ်ချစ်ရင်၊ အပါယ်မနစ်ဘို့လုပ်ရမည်။
သည်းခံစိတ်ထား၊ ဓာတ်တရား၊ ရှုပွါးနေရမည်။
အဲဒါမှ-ဆရာ့ဝါဒမမှဒိဋ္ဌာန်မည်။ ။

(၃) ယောဂီဆိုရင်သူတော်ကောင်းမို့၊ ငြူစူစောင်းမြောင်းကင်းရမည်။
ကိုယ့်လှေဦးကို၊ ကိုယ်သာကြည့်လို့၊ ဖြောင့်အောင်မိမိလှော်ရမည်။
လောကဓမ်ဆိုတာကြုံတွေ့မြဲမို့၊ သည်းခံစိတ်လဲထားရမည်။
စိတ်မှာဖြောင့်စင်း၊ ခင်မင်ခြင်း၊ ညီရင်းရှိရမည်။
အဲဒါမှ-ဆရာ့ဝါဒမမှဒိဋ္ဌာန်မည်။ ။

## ● ယောဂီဝါဒ,အနတ္တ

(၁) ဂစ္ဆန္တေ၀ါ ဂစ္ဆာမိတိ-သွားရင်သွား၏သိရမည်။
သွားနေတာဟာရုပ်တရားပေါ့၊ သွားတာသိတော့ နာမ်ဖြစ်သည်။

နာမ်သွားခိုင်းတာရုပ်ကသွားလို့၊ရုပ်နာမ်နှစ်ပါးသွားကြသည်။
ငါ, သူတပါး၊ သွားတာများ၊ ဘယ်နားရှိလိမ့်မည်။
အဲဒါမှ–ယောဂီဝါဒ အနတ္တခေါ်ပါသည်။ ။
(၂) ရုပ်နေတာဟာရုပ်တရားကွဲ့၊ ရုပ်ထာသိကနာမ်ဖြစ်သည်။
လုပ်ထာကိုင်ထာ အိပ်ထာစားတော့၊ ရုပ်တရားချည်းမှန်တော့သည်။
ဘာလုပ်နေနေ သိတာများမှ၊ နာမ်တရားလို့မှတ်ရမည်။
ရုပ်,နာမ်နှစ်ပါး၊ ဖယ်ကာထား၊ ဘယ်နားငါဖြစ်မည်။
အဲဒါမှ–ယောဂီဝါဒ အနတ္တခေါ်ပါသည်။ ။
(၃) မျက်စိအာရုံ ပေါင်းဆုံတွေ့တော့၊ရုပ်တရားတွေ့မှတ်ရမည်။
မြင်လို့သိတာ နာမ်တရားဟု၊ ဝိညာဉ်စက္ခုဖြစ်တော့သည်။
မြင်သိရုပ်နာမ် ပရမတ်ပေါ့၊ အထည်ဒြပ်မရှိပြီ။
ငါမြင်ငါသိ၊ ဘယ်မရှိ၊ နာမ်ရုပ်ရှိလေသည်။
အဲဒါမှ–ယောဂီဝါဒ အနတ္တခေါ်ပါသည်။ ။
(၄) ကြားရာ,နံရာ ထို့အတူဘဲကွဲ့၊ ရုပ်နာမ်ကွဲဘို့လုပ်ရမည်။
သိဆိုတာဟာ ဘယ်ဟာဖြစ်ဖြစ်၊ နာမ်အစစ်လို့မှတ်ရမည်။
နာမ်ရုပ်နှစ်တန် ပရမတ်မို့၊ဖြစ်လျှင်ပျက်ဓာတ်မြန်လှသည်။
ဘယ်ရုပ်,နာမ်လဲ၊ ငါ့ကိုယ်ဘဲ၊ မစွဲနိုင်တော့သည်။
အဲဒါမှ–ယောဂီဝါဒ အနတ္တခေါ်ပါသည်။ ။
(၅) ကာယကိုယ်မှာစိုက်ခါရှုတော့၊ ဘောက်ပြန်သမှုတွေ့ရမည်။
နှမာထောက်ကန်လှုပ်ထာတို့နဲ့၊ပူအေးဖွဲ့စေးတွေ့တော့သည်။
ဓာတ်ရုပ်ဆိုတာ အဲဒါများပေါ့၊ မဟာဘုတ်လဲခေါ်ရသည်။
ငါ့ကိုယ်မဟုတ်၊ ဓာတ်နာမ်ရုပ်၊ အဟုတ်ဖြစ်တော့သည်။
အဲဒါမှ–ယောဂီဝါဒ အနတ္တခေါ်ပါသည်။ ။

ဆောင်ပုဒ်များပြီးပြီ။

✦✦✦✦✦✦✦✦✦✦✦